# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၂)၊ ၁၃၈၆ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ၊ ၄–၆–၂၀၂၄၊ အင်္ဂါနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ဇွန် ၅ ရက်မှ ၈ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သော ပုဂ္ဂလိကအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၉ ဦး တွေ့ရှိ

(၃–၆–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆–၅–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၆–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID–19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

၂၀၂၄ ခုနှစ်၊ ဇွန် ၄ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

# MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်တွင် MSME ၄၀၀၀၀ ကျော်ရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှ ညွှန်ကြားချက်များအတိုင်း နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ဓာတုနည်းပညာသုတေသနဗဟိုဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီး သုတေသနလုပ်ငန်းများမှ MSME လုပ်ငန်းရှင်များက အဆိုပြုတောင်းဆိုထားသည့် နည်းပညာများကို လွှဲပြောင်းပေးခြင်းနှင့် ဖြန့်ဝေပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME များသည် စီးပွားရေးကဏ္ဍတွင် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်နေရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းတို့သည် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သုတေသနဌာနများနှင့် တက္ကသိုလ်များတွင် MSMEများ ဖွံ့ဖြိုးရေး စွန့်ဦးတီထွင်လုပ်ငန်းများအတွက် နည်းပညာများပံ့ပိုးပေးနိုင်ရန် သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့အကျိုးပြု သုတေသီများ၊ အင်ဂျင်နီယာများ၊ နည်းပညာရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နည်းပညာ ၈၂ခုကို MSME လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် သုံးနှစ်တာအတွင်း နိုင်ငံတော်တွင် MSME ကဏ္ဍ အားပေးမြှင့်တင်မှုကြောင့် နည်းပညာ ၄၂ ခုကို လွှဲပြောင်းပေးခဲ့ရသည်ကို သိသာနိုင်ကြောင်း၊ ယနေ့တွင် နည်းပညာ ၁၁မျိုးကို လွှဲပြောင်းပေးပြီး နည်းပညာငါးမျိုးကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များသည် မိမိတို့လက်ခံရရှိသော နည်းပညာမျိုးစေ့များမှ ထုတ်ကုန်သစ်ပင်ကြီးများဖြစ်သည်အထိ ဆက်လက်ရှင်သန်ကြီးထွားအောင် ဆောင်ရွက်နိုင်ကြပြီး လုပ်ငန်းများပိုမိုအောင်မြင်မှုမှသည် အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေး တစ်တပ်တစ်အားအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI)၌ ကျင်းပသည့် သုတေသနလုပ်ငန်းများမှ MSME လုပ်ငန်းရှင်များက အဆိုပြုတောင်းဆိုထားသည့်နည်းပညာများကို လွှဲပြောင်းပေးခြင်းနှင့် ဖြန့်ဝေပေးခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

MSME ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်လာနိုင်ရေး လိုအပ်သောနည်းပညာများကို သိရှိအသုံးပြုနိုင်စေရန်၊ ဒေသထွက်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပေးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများအတွက် စံချိန်စံညွှန်းပြည့်မီ၍ ကျန်းမာရေးနှင့် ညီညွတ်သော လူသုံးကုန်၊ စားသောက်ကုန်များ ထုတ်လုပ်မှုမြှင့်တင်နိုင်ရန်၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်နှင့် နိုင်ငံခြားဝင်ငွေများတိုးပွားရရှိစေရန် ရည်ရွယ်လျက် ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဝန်ထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲကျင်းပ





**မန္တလေး ဇွန် ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်း၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများ၊ အမှုထမ်း(၁၅၃)ဦး၊ ယာယီဝန်ထမ်း(၅၃၂)ဦး တက်ရောက်ကြသည်။

ဦးစွာ အတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်သန့်ရှင်းရမည်။ မန္တလေးမြို့တော် သာယာလှပရမည်။ မန္တလေးမြို့တော်နေ လူထုစိတ်ချမ်းသာရမည်။ ရည်မှန်းချက်များချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ များစွာပါဝင်သည့်အတွက် မိမိတို့ဌာန၏ လိုအပ်ချက်၊ မိမိတို့လုပ်ငန်းခွင့်လိုအပ်ချက်၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို မိသားစုသဖွယ် ရင်းရင်းနှီးနှီးတင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်(၁)က အမှာစကားပြောကြားပြီး ဌာနမှူးက ဌာန၏ ဝန်ထမ်းအင်အား၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူးများက မိမိတို့ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဌာနခွဲမှ တင်ပြရန်ရှိသည်များကို လည်းကောင်း၊ ပျိုးဥယျာဉ်ဌာနခွဲမှ တင်ပြရန်ရှိသည်များကို လည်းကောင်း၊ အထူးလုပ်ငန်းဌာနခွဲမှ တင်ပြရန်ရှိသည်များကို လည်းကောင်း၊ ရတနာပုံဌာနခွဲမှ တင်ပြရန်ရှိသည်များကိုလည်းကောင်း ဝန်ထမ်းများက အသီးသီးတင်ပြကြရာ မှတ်တမ်းတင်ထားရှိပြီး ဌာနမှ ဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ကော်မတီမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆက်လက်တင်ပြ ဆွေးနွေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

၀-၀-၀-၀

# ရေစီးရေလာကောင်းမွန်ရေး မြောင်းများဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာ မြို့နယ်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်အတွင်း မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းများ၊ရေထွက်ပေါက်များ၊ ဂုံးများအတွင်းမှ ဒိုက်၊ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၆၂Aလမ်းနှင့် ၁၂၅ လမ်းထောင့် မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ အမရပူရမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် လေးစုရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် မောင်းတန်းလမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက သံလမ်းနှင့် နန်းမတော်လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက်ဆယ်ယူထားသည့် မြောင်းစာအမှိုက်များကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များအလိုက် ရပ်ကွက်များတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ သက်ဆိုင်ရာမြို့နယ်သန့်ရှင်းရေးဌာနသို့ တင်ပြလာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားကြမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်း သားသမီးကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ ခွဲရုံးအဆင့်ဆင့်တို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက ပညာ သင်ထောက်ပံ့ငွေများ ပေးအပ်ကြရာပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး(ဝဲပုံ) လှိုင်ကော်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် တက်ရောက်ပညာ သင်ကြားမည့် ကျောင်းသား ကျောင်းသူ ၅၅၁ ဦး၊ တက္ကသိုလ်အဆင့်တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၆၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၁၁ ဦးအတွက် ငွေကျပ် ၆၁ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးဦးစိုးကြည်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းစေပြီး နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား၊ စီးပွားရေးလုပ်ငန်းများ အပါအဝင် ဘက်ပေါင်းစုံကို ယိုယွင်းပျက်စီးစေနိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင်သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ကျင့်သုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန်၊ စိတ်ကောင်းစေတနာ ကောင်းထားရှိရန်နှင့် မိမိတာဝန် မိမိ ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ဝန်ကြီးဌာနအဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU)ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုလျှော့နည်း ပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိပတ်ဝန်းကျင်နှင့် မိမိအဖွဲ့အစည်းသို့ တစ်ဆင့် ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဆိုင်ရာများကို လည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာ စိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများကိုလည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်သော်နိုင်က စုံစမ်းစစ်ဆေးရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့်အဖွဲ့သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)သို့ Oxygen Concentrator လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၊ သုမင်္ဂလာဈေး(ညံတောဈေး)အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှု

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က 10 L ပါ Oxygen Concentrator ၂၀ လုံး လှူဒါန်းခြင်းအခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် 10 L ပါ Oxygen Concentrator ၂၀ လုံးအား အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)သို့ ပေးအပ်လှူဒါန်းရာ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်မျိုးသန့်က လက်ခံ၍ ဂုဏ်ပြုလွှာမှတ်တမ်းပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ရွှေမြင်တင်မြတ်စွာဘုရား လေးဆူအား ဖူးမြော်ကြည်ညိုကာ စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှုအခြေအနေ၊ ဘုရားလေးဆူကို ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသွားမည့်အခြေအနေ၊ စေတီတော်မြတ်ကြီး ပရိဝုဏ်အပြင်ဘက် စေတီတော်မြတ်ကြီးသို့ အဝင်လမ်း နိုင်လွန်ကတ္တရာခင်းမည့်အခြေအနေတို့အား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)အတွင်းရှိ သုမင်္ဂလာဈေး(ညံ့တောဈေး)အား ခေတ်မီအဆင့်မြင့် အာစီရံ ၆ ထပ်ဈေးကြီးအဖြစ် တည်ဆောက်သွားမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**မန္တလေး ဇွန် ၃**

အောင်မြေသာစံခရိုင်၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး (Bill-board) စိုက်ထူပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ ၂၆လမ်းနှင့် ၇၈လမ်း လမ်းဆုံ၌ ကျင်းပသည်။



အစီအစဉ်အရ အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းတို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး(Billboard)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီးတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီမှ တာဝန်ရှိသူများက တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံမြို့နယ်ရုံး၏ မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ၁၉ လမ်း၊၈၆လမ်းထောင့်တွင် ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးဝင်းမျိုးထွန်းနှင့် ဦးဇော်လင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

(အောက်ဝဲပုံ)

အခမ်းအနားများသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဦးစီးမှူးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(ဝ၉၃)

ဝ–ဝ–ဝ–ဝ–ဝ

သတင်း-စာမျက်နှာ ၂၄
















# အိန္ဒိယအစိုးရအသိအမှတ်ပြု ITM University တွင် အခြေခံပညာအထက်တန်းအောင်လက်မှတ်ဖြင့် ပညာသင်ခွင့်ရရှိမည်

**မန္တလေး ဇွန် ၃**

အိန္ဒိယအစိုးရအသိအမှတ်ပြု ITM University တွင် အခြေခံပညာအထက်တန်းအောင်လက်မှတ်ဖြင့် ပညာသင်ခွင့်ရရှိကာ ကမ္ဘာ့ကုမ္ပဏီကြီးများတွင် အလုပ်အကိုင်များရရှိနိုင်မည့် အခွင့်အရေးများ ရရှိနိုင်သည့်အပြင် သက်သာသော ပညာသင်စရိတ်ဖြင့် နိုင်ငံတကာပညာရေးကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ITM University မှ တာဝန်ရှိသူများက မန္တလေးမြို့၊ ၈၀လမ်း၊ ၃၆ လမ်းရှိ Continuous College တွင် ဇွန် ၂ ရက်က မိတ်ဆက်ပွဲပြုလုပ်ခဲ့ရာ ကျောင်းတက်ရောက်ခွင့်ရရှိရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံကိုယ်စားလှယ် Prasant Kumar L.Kharwar (Education Consultant)က ရှင်းလင်းပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ အသိအမှတ်ပြု Ranking မြင့်မြင့်ကျောင်းမှာ ဝင်ခွင့်ရဖို့ တာဝန်ယူဆောင်ရွက်ပေးပါတယ်။ စရိတ်အသက်သာဆုံးနဲ့ နေရေးထိုင်ရေးများ စားသောက်ဖို့ အစစအရာရာ အကောင်းဆုံး ဆောင်ရွက်ပေးထားပါတယ်။ ပညာရေးတစ်ပိုင်းတစ်စနဲ့ လမ်းပျောက်နေပေမယ့် ကြိုးစားချင်စိတ်ရှိတဲ့ လူငယ်တွေအတွက် လမ်းကြောင်းသစ်ပြန်စနိုင်မယ့် အခွင့်အရေးဖြစ်တဲ့အတွက် ကျွန်တော်တို့အကောင်းဆုံး အကူအညီပေးနိုင်ပါတယ်''ဟု ၄င်းက ပြောသည်။

အဆိုပါ တက္ကသိုလ်နယ်မြေသည် ဧကပေါင်း ၂၅၀ ခန့် ကျယ်ဝန်းပြီး အင်ဂျင်နီယာ၊ ဆေးဘက်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၊ ဥပဒေပညာရပ်ဆိုင်ရာ စသည်ဖြင့် Subject ပေါင်း ၁၀၀ ကျော် သင်ယူနိုင်ပြီး နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ထားကြောင်း၊ တက်ရောက်လိုသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသူများသည် ဖုန်း ၀၉-၇၉၅၈၂၀၅၄၆၊ ၀၉-၇၇၇၇၈၉၉၈၄(Brightereducation.mm@gmail.com)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Choi Kwangrok လေယာဉ်မောင်မှ သရုပ်ဆောင်ဖြစ်လာ

ကိုရီးယားလူမျိုး ချိုင်ကွမ်ရို့သည် လေယာဉ်မောင်မှ အနုပညာလောကသို့ သရုပ်ဆောင်အဖြစ် ဝင်ရောက်လာကာ သရုပ်ဆောင်ကောင်း၍ ပရိသတ်အား ပေးမှုရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချိုင်ကွမ်ရို ပါဝင်ထားသည့် Green Mother Club တွင် ပြင်သစ်စကားကို ကျွမ်းကျင်စွာ ပြောသွားနိုင်၍ ရုပ်ရှင်ဝန်ထမ်းများက အံ့အားတသင့်ဖြစ်ခဲ့ကြရကာ ဇာတ်ကားရိုက်မှစတင်လှေ့လာခဲ့သူဖြစ်သည်။

ရုပ်ရည်သွင်ပြင်အရ သွေးနှောသူဟု ထင်ရသော်လည်း ကိုရီးယားလူမျိုးစစ်စစ်ဖြစ်ကာ အသက် ၃၂ နှစ်ရှိပြီဖြစ်ပြီး စကားနည်း၍ အနေအေးသော်လည်း သရုပ်ဆောင်စွမ်းရည်ပြည့်ဝသူဖြစ်သည်။

ချိုင်ကွမ်ရို့၏ The Atypical Family ကို ပရိသတ်အားပေးမှုမြင့်မားခဲ့ကြပြီး တည်ကြည်ခန့်ညားမှုကြောင့် သဘောကျနှစ်ခြိုက်ခဲ့ကြရာ လက်ရှိအနည်းငယ်ဝဖိုင့်နေ၍ ပရိသတ်အံ့အားတသသင့်ဖြစ်နေကြသည်။ (SKY)

## Tian Shu Li Ming တွင် Li Hong Yi ပါဝင်၍ ပြသခွင့် လိုင်စင်ကျပြီဖြစ်

သမားတော်လေးအဖြစ် လီဟုန်ရီ ပါဝင်ထားသည့် Tian Shuli Ming ဇာတ်ကားပြသခွင့် လိုင်စင်ကျပြီဖြစ်၍ ယူကျူ့တွင် ပြသတော့မည်ဖြစ်သည်ဟု ဝိန်ဘိုတွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ အပိုင်း ၃၆ ပိုင်းနှင့် လီယုန်ရီ၊ ဆုရှောင်တန်၊ ယူချန်အန်တို့ အဓိကပါဝင်ထားကာ ဆေးပညာတစ်ဖက်ကမ်းခတ်တော်သော သမားတော်တစ်ဦးအကြောင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ဆေးပညာတစ်ဖက်ကမ်းခတ်တော်၍ သမားရိုးကျမဟုတ်သည့် ကုထုံးများကြောင့် လေးစားကြောက်ရွံ့ခဲ့ရာမှ သမားတော်တစ်ရာသေဆုံးမှုမှ အထင်လွဲခံခဲ့ရသည်။

သူ့ဆရာချန်ထားသည့် ကောင်းကင်စာအုပ်ရှိရာ ခရီးထွက်လာရင်း လျှိုကျိုမြို့စားမင်းသမီး၊ ပြဇာတ်ရုံတစ်ရာဆက်ခံသူတို့နှင့်တွေ့ပြီး သူတို့သုံးဦး၏ မေတ္တာမပျက် လက်တွဲသွားပုံများကို ရိုက်ကူးထားသည်။ (SKY)



## Anant Ambani ၏သား ဒုတိယအကြိမ် အကြိုမင်္ဂလာပွဲ ထပ်မံကျင်းပ

အိန္ဒိယဘီလျံနာမှုကေ့ရှ်အမ်ဘာနီ၏သား ဒုတိယအကြိမ် အကြိုမင်္ဂလာပွဲကို ဒေါ်လာသန်း ၂၀၀ သုံး၍ ထပ်မံကျင်းပမည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဘီလျံနာသား၏ အကြိုမင်္ဂလာပွဲ ပထမပွဲကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ အကုန်အကျခံ၍ အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့ပြီး ဒုတိယပွဲကို မေလကုန်တွင် ဇိမ်ခံသင်္ဘောကြီးပေါ်၌ သုံးရက်တိုင် ကျင်းပမည်ဖြစ်သည်။

ယင်းသင်္ဘောသည် ပြင်သစ်ဆိပ်ကမ်းမှစထွက်ပြီး အီတလီဆိပ်ကမ်းတွင် ခရီးဆုံးမည်ဖြစ်ကာ အမိရှံခန်၊ ရှရွတ်ခန်နှင့် စလန်ခန်တို့ အပါအဝင် ဧည့်သည် ၈၀၀ ခန့် ဖိတ်ကြားထားသည်။

မင်္ဂလာပွဲအစစ်ကို ဇူလိုင်လ၌ အင်္ဂလန်နှင့် ဒူဘိုင်း နှစ်နိုင်ငံခွဲ၍ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ (SKY)



## Irena's Vow မှာ ဖြစ်ရပ်မှန် ဒရမ်မာဇာတ်ကားဖြစ်

ဒုတိယကမ္ဘာစစ်အတွင်း ဂျူးအမျိုးသမီးသူရဲကောင်းတစ်ဦး၏ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသည့် စိတ်ဝင်စားဖွယ်ဇာတ်ကားအမည်မှာ Irena's Vow ဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ ဂျူးအမျိုးသမီးသူရဲကောင်းအီရန်နာဘွတ်အကြောင်း အခြေခံရိုက်ကူးထားရာ အန္တရာယ်များကြားမှ ဂျူးလူမျိုးများ ကယ်တင်ပုံကို ရင်တထိတ်ထိတ်ကြည့်ရှုရမည်ဖြစ်သည်။

ဇာတ်လမ်းတွင် ၁၉၃၉ ခုနှစ် စက်တင်ဘာလ၌ အီရန်နာနေထိုင်သည့် ပိုလန်ကို ဂျာမနီနှင့်ဆိုဗီယက် ကျူးကျော်ခဲ့ပြီးနောက် လွတ်လပ်ခွင့်များပျောက်ဆုံးသွားကာ ဂျာမန်စစ်စခန်းတစ်ခုတွင် အတင်းအဓမ္မအလုပ်လုပ်ရန် စေခိုင်းခံခဲ့ရာမှ စိတ်ဓာတ်ခွန်အားပြည့်ဝသည့် အီရန်နာက ဂျာမန်အရာရှိ၏ အိမ်တော်ထိန်းဖြစ်ခဲ့သည်။

ဂျာမန်များက ဂျူးကင်းစင်ရန် သုတ်သင်မည့်အကြောင်းကြားသိ၍ ဂျာမန်အရာရှိအိမ်ထဲ ဂျူးများကို ဖွက်ထားပေးကာ အန္တရာယ်များကို ရင်ဆိုင်ကျော်ဖြတ်ခဲ့သည့် ဂျူးအမျိုးသမီးသူရဲကောင်း၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည်။ (SKY)



## မြေထဲပင်လယ်စားသောက်နည်းကို ၂၅နှစ်ကြာလေ့လာ ရောဂါကြောင့် သေဆုံးမှု ၂၃ရာခိုင်နှုန်းလျော့နည်း

အစားအစာက လူ၏ကိုယ်ခန္ဓာအတွင်းရှိ ဇီဝဖြစ်စဉ်များကို ပုံမှန်လည်ပတ်စေပြီး ကောင်းစွာရှင်သန်နေထိုင်နိုင်စေရန် အဓိကအထောက်အပံ့ပြုသည်။ အစားအစာယဉ်ကျေးမှုပုံစံများ ထွေပြားသော ယနေ့ခေတ်တွင် မိမိ၏နေ့စဉ်ကျန်းမာရေးဘဝနှင့် ကိုက်ညီမည့် အစားအစာကို ရွေးချယ်စားသုံးတတ်ရန် လိုအပ်လာသည်။

စားသောက်နည်းအမျိုးမျိုးရှိသည့်အနက် မြေထဲပင်လယ်စားသောက်နည်းသည် လူတို့ကိုရောဂါကြောင့်သေဆုံးမှု၂၃ရာခိုင်နှုန်းလျော့နည်းစေကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဘရီဂမ်နှင့်အမျိုးသမီးများဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီး ဆာမီယာမိုရာ ဦးဆောင်သော သုတေသီများသည် ၂၅နှစ်ကြာမျှ စစ်တမ်းကောက်ယူလေ့လာထားသော တွေ့ရှိချက်များအပေါ်မူတည်၍ သုတသနပြုရာမှ ထိုသို့ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Karan Johar က Tiger Shroff ကို ကယ်တင်မည်

ဘောလိဝုဒ်အနုပညာလောကမှ အကြီးဆုံးထုတ်လုပ်သူ ဒါရိုက်တာ ကာရန်းဂျိုဟာက ထွက်ရှိသော ရုပ်ရှင်တိုင်းအရှုံးပေါ်နေသည့် တိုက်ဂါးရှော့ရ်ကို ကယ်တင်မည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ကာရန်းဂျိုဟာသည် ဘောလိဝုဒ်အနုပညာရှင်များ၏ သားသမီးများကို စင်တင်ပေးနေသူဖြစ်ပြီး အခက်အခဲနှင့် ရင်ဆိုင်နေရသည့် တိုက်ဂါးရှော့ရ်ကို ကယ်တင်ပေးသွားမည့် သတင်းထွက်ပေါ်လာသည်။

ကာရန်ဂျိုဟာ၏ Dharma Production ထုတ်လုပ်ရေးကုမ္ပဏီမှ တိုက်ဂါးရှော့ရ်၏ အရှုံးပေါ်နေမှုများမှ ဖောက်ထွက်ရန် ဘတ်ဂျက်ငွေအများအပြားအသုံးပြု၍ ရုပ်ရှင်ဇာတ်ကားကြီး တစ်ကား ထုတ်လုပ်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာမည်။

လက်ရှိတိုက်ဂါးရှော့ရ်မှာ ရုပ်ရှင်ဝင်ငွေအရှုံးပေါ်ခဲ့၍ အနုပညာကြေး ၇၀ ရာခိုင်နှုန်းအထိ လျှော့ချခံထားရသဖြင့် ကာရန်းဂျိုဟာက ဒါရိုက်တာရွေးချယ်ပြီး ဇာတ်ရုပ်မှုကွဲနှင့် တိုက်ဂါးရှော့ရ်ကို အသက်သွင်းမည် ဖြစ်သည်။ (SKY)



## Bella Ranee အချစ်သစ်နှင့် တွေ့ရှိ



တစ်ကိုယ်တည်း အပျိုကြီးဘဝနှင့် အနုပညာရှင်ဘဲလာရာနီးက မထင်မှတ်သောနေရာတွင် အချစ်သစ်ကို တွေ့ရှိခဲ့ကြောင်း နိုင်းနယူးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘဲလာရာနီးမှာ ထိုင်းအနုပညာလောကတွင် တောက်ပသော ကြယ်တစ်ပွင့်ဖြစ်ပြီး အောင်မြင်မှုများစွာ သိမ်းပိုက်ထားသူဖြစ်ကာ လေယာဉ်ပေါ်တွင် စီးပွားရေး လုပ်ငန်းရှင် ပွန်ချာဝင်းနှင့်တွေ့ရာမှ အချစ်သစ်ရရှိခဲ့သည်။

အနက်ရောင်ဖက်ရှင်နှင့် လှပနေသော ဘဲလာရာနီးကို စီးပွားရေးလုပ်ငန်းရှင်က အနုပညာရှင်မှန်းမသိဘဲ မြင်မြင်ချင်း ချစ်ခဲ့မိ၍ ဖူးစာဖက်ရခဲ့ခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

ဘဲလာရာနီး၏ချစ်သူမှာ ထိုင်းအချမ်းသာဆုံးစာရင်းဝင် ထိပ်တန်းအဆင့်ဖြစ်ပြီး ပြည်တွင်း၊ပြင်ပခရီးသွားစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် ပရိသတ်များက သဘောတူ၍ ဂုဏ်ပြုပေးထားကြသည်။ (SKY)

# ဇွန် ၂၈ ရက်၌ ကျင်းပမည့် အီရန်သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း အာမာဒီနေဂျတ် ပါဝင်ယှဉ်ပြိုင်မည်



**တီဟီရန် ဇွန် ၃**

လာမည့် ဇွန် ၂၈ ရက်၌ ကျင်းပမည့် အီရန်သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း အာမာဒီနေဂျတ် ပါဝင်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခင်လက ရဟတ်ယာဉ်ပျက်ကျမှုတွင် ကွယ်လွန်ခဲ့သော သမ္မတ အီဘရာဟင်မ်ရိုင်ဆီ၏ နေရာတွင် တာဝန်ထမ်းဆောင်မည့် သမ္မတ ရွေးကောက်တင်မြှောက်ရမည့်ဖြစ်ရာ အာမာဒီနေဂျတ်က အမည်စာရင်းတင်သွင်းထားကြောင်း အီရန်အစိုးရရုပ်မြင်သံကြားဌာနက အတည်ပြုသည်။

၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီကိုယ်တိုင်က ၄င်းကို ဟန့်တားခဲ့ပြီးနောက် နိုင်ငံတော်စောင့်ရှောက်ရေးကောင်စီက တရားဝင်ပိတ်ပင်ခဲ့သည်။

ယခုအကြိမ်တွင်လည်း သမ္မတရွေးကောက်ပွဲ မဝင်ရန် ၄င်း ထပ်မံပိတ်ပင်ခံရနိုင်ဖွယ်ရှိသဖြင့် ဇွန် ၁၁ ရက်နေ့တွင် အတည်ပြုမည့် သမ္မတလောင်းစာရင်းပေါ်ထွက်လာမှသာ ၄င်း၏ အလားအလာကို သိနိုင်ပါလိမ့်မည်။

အာမာဒီနေဂျတ်သည် ၂၀၁၈ ခုနှစ်က သမ္မတရွေးကောက်ပွဲကို လွတ်လပ်စွာ ကျင်းပပေးရန် အယာတိုလာခါမေနီကို တောင်းဆိုခဲ့ဖူးသဖြင့် ယခုအကြိမ် ယှဉ်ပြိုင်ခွင့်ရရန် အလားအလာအလွန်နည်းမည်ဟု အီရန်အရေးလေ့လာသူများက သုံးသပ်ကြောင်း သိရသည်။

**Mon**



# နေရောင်ခြည်စွမ်းအင်သုံး ကားငယ်များကို အက်ပ်တေရာကုမ္ပဏီက ထုတ်လုပ်ရောင်းချမည်

**ဝါရှင်တန် ဇွန် ၃**

နေရောင်ခြည်စွမ်းအင်သုံး ကားငယ်များကို အမေရိကန်အခြေစိုက် အက်ပ်တေရာကုမ္ပဏီက ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်ရောင်းချသွားမည်ဟု မကြာသေးမီက ထုတ်ပြန်ကြေညာကြောင်း အီလက်ထရက်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိုကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံသူများ၏ ငွေလုံးငွေရင်းပမာဏအပေါ်တွင် အခြေခံ၍ ယင်းကားငယ်များကို ထုတ်လုပ်ရောင်းချမည့် အစီအစဉ် အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

အာရပ်စော်ဘွားများနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့်လည်း အဆိုပါကုမ္ပဏီ ချိတ်ဆက်မိနေကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဇွန် တစ်နေရာ၌ မုတ်သုန်မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးနေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ **Mon**



# နှုတ်ပိတ်ခပေးသည်ဟု စွဲဆိုခံရသောအမှုကြောင့် ဇနီး မယ်လနီယာ အနေခက်မည်ဟု ထရမ့် ပြောကြား

**ဝါရှင်တန် ဇွန် ၃**

အပြာမင်းသမီးဟောင်း စတော်မီဒါနီယဲလ်စ်အတွက် နှုတ်ပိတ်ခပေးသည်ဟု စွဲဆိုခံရသော အမှုကြောင့် ဇနီး မယ်လနီယာ အနေခက်မည်ဟု အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်က ဇွန် ၂ရက်တွင် ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နယူးယောက်တရားရုံးတွင် စစ်ဆေးကြားနာခဲ့သော အဆိုပါအမှုနှင့် ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခဲ့သည်ဆိုသော်လည်း ပြစ်ဒဏ်စီရင်ချက်ကို လာမည့် ဇူလိုင် ၁၁ ရက်ရောက်မှသာ ချမှတ်မည်ဖြစ်သည်။

ဒေါ်နယ်ထရမ့်ကို အဆိုပါအမှုနှင့်ဆက်နွှယ်၍ နယူးယောက်တရားရုံးက ရာဇဝတ်မကင်းသော စွဲချက်ပေါင်း ၃၄ ချက်တွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်အရ ဒေါ်နယ်ထရမ့်အနေဖြင့် ထောင်ဒဏ် ၄ နှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိမည်ဟု ဆိုသည်။

မည်သည့်ပြစ်ဒဏ်ချမှတ်ခံရသည်ဖြစ်စေ သမ္မတရွေးကောက်ပွဲနိုင်လျှင် ကလဲ့စားချေမည်ဟု ထရမ့်က ဖောက်စ်သတင်းဌာနနှင့် တွေ့ဆုံခန်းတွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

**Mon**





# ကမ္ဘာကျော်မီဒီယာလုပ်ငန်းရှင် ရူးပတ်မားဒေါ့ အသက် ၉၃ နှစ်အရွယ်၌ ပဉ္စမအကြိမ် လက်ထပ်

**ဝါရှင်တန် ဇွန် ၃**

ကမ္ဘာကျော် အမေရိကန်မီဒီယာလုပ်ငန်းရှင် သန်းကြွယ်သူဌေး ရူးပတ်မားဒေါ့သည် ဇွန် ၁ ရက်က အသက် ၉၃ နှစ်အရွယ်၌ ပဉ္စမအကြိမ် ထိမ်းမြားလက်ထပ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၄င်းနှင့် လက်ထပ်သူမှာ အသက် ၆၇ နှစ်အရွယ် ရုရှားဇီဝဗေဒပညာရှင်ဟောင်း အယ်လီနာဇူကိုဗာ ဖြစ်သည်။

ရူးပတ်မားဒေါ့သည် ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဩစတြေးလျနိုင်ငံ၌ မီဒီယာလုပ်ငန်း စတင်လုပ်ကိုင်ကာ အမေရိကန်ရောက်မှ ကြီးပွားချမ်းသာလာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ထိုင်းနိုင်ငံမှ ဝရမ်းပြေး ချောင်ဝါလစ်သွန်ဒေါင်းကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖမ်းဆီးရမိ

**ဂျကာတာ ဇွန် ၃**

ထိုင်းနိုင်ငံမှ အလိုရှိနေသော အသက် ၃၇ နှစ်အရွယ် ဝရမ်းပြေး ချောင်ဝါလစ်သွန်ဒေါင်းကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖမ်းဆီးရမိခဲ့သည်ဟု ဇွန် ၂ ရက်က အင်ဒိုနီးရှားရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့မှူး ဝါဟယူဒီဒါဒါ အတည်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ထိုင်းဝရမ်းပြေး ချောင်ဝါလစ်သွန်ဒေါင်းခေါ် ပန်နာနုတ်ကို မိမိတို့ ရဲစုံထောက်များက ဘာလီကျွန်းအပန်းဖြေစခန်း တစ်နေရာတွင် လက်ရဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းတပ်ဖွဲ့မှူးက ရှင်းလင်းပြောကြားသည်။

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ဖောက်ကားမှု၊ လူသတ်မှုများဖြင့် တရားစွဲပြီး ပြစ်ဒဏ်ချမှတ်ရန် စီစဉ်နေစဉ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံဘက်သို့ စပိဘုတ်စီးပြီး ၄င်း ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

၄င်းသည် ထိုင်းနိုင်ငံမှ အလိုအရှိဆုံးဝရမ်းပြေးဖြစ်ရာ အင်ဒိုနီးရှားဘက်က ၄င်းကို ဖမ်းဆီးပေးနိုင်ရန် ရဲတပ်ဖွဲ့အင်အား ရာနှင့်ချီ၍ ပါဝင်ခဲ့ပြီး ကုန်ကျစရိတ်အားဖြင့် ဘတ်ငွေ ၁၀ သန်းခန့် ရှိခဲ့ကြောင်း သိရသည်။ **Mon**




# မက္ကဆီကိုနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် အသက် ၆၁ နှစ်အရွယ် ကလော်ဒီယာရှိန်ဘွန်း မဲအနိုင်ရ

**မက္ကဆီကိုစီးတီး ဇွန် ၃**

မက္ကဆီကိုနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် အသက် ၆၁ နှစ်အရွယ် ကလော်ဒီယာရှိန်ဘွန်း ဇွန် ၂ ရက်က မဲအနိုင်ရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲအတွက် မဲဆန္ဒခံယူခဲ့ရာ ၄င်းအနေဖြင့် အဓိကပြိုင်ဘက်သမ္မတလောင်း စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီး ရှိချီတဲလ်ဂါလ်ဗက်ဇ်ကို ထောက်ခံမဲ ၃၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စွမ်းအင်သိပ္ပံပညာရှင် မက္ကဆီကိုမြို့တော်ဝန်ဟောင်း ရှိန်ဘွန်းအနေဖြင့် လာမည့်အောက်တိုဘာလ ၁ ရက်တွင် ၄င်း၏ နိုင်ငံရေးရှေ့ဆောင်လမ်းပြဖြစ်သူ သမ္မတ အန်ဒရက်စ်မာနျူယဲလ်လိုပက်ဇ်အိုဘရာဒေါ်၏ အရိုက်အရာကို ဆက်ခံကာ နိုင်ငံတော်သမ္မတ တာဝန် စတင်ထမ်းဆောင်ရမည် ဖြစ်သည်။

ကျွန်မအနေနဲ့ နှစ်ပေါင်း ၂၀၀ အတွင်းမှာ မက္ကဆီကိုနိုင်ငံရဲ့ ပထမဆုံးအမျိုးသမီးသမ္မတ ဖြစ်လာတော့မှာပါ။ ဒါဟာ ကျွန်မ တစ်ဦးတစ်ယောက်တည်းအတွက် အောင်မြင်မှုမဟုတ်ဘဲ တစ်နိုင်ငံလုံးက အမျိုးသမီးတွေရဲ့ အောင်မြင်မှုလည်းဖြစ်ပါတယ်ဟု မဲအနိုင်ရပြီးနောက် အားပေးထောက်ခံသူများကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



# သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

# (Land restoration,desertification and drought resilence)

**(၃-၆-၂၀၂၄ စာမျက်နှာ ၁၀ မှ အဆက်)**

ယနေ့အချိန်တွင် သဲကန္တာရဖြစ်ထွန်းလာသော ဝိသေသလက္ခဏာများကြောင့် ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်သော မြေဧရိယာ၏ အရည်အသွေး ကျဆင်းမှု ရာခိုင်နှုန်းသည် ၃၀ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းခန့်အထိ ရှိလာကြောင်းသိရသည်။ အပူပိုင်းဒေသများသည် သဘာဝအားဖြင့် ပူပြင်းခြောက်သွေ့သည့် သဘောရှိပါသည်။ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ ထုတ်ပြန်မှုများအရ သဲကန္တာရဖြစ်ထွန်းနိုင်သော အခြေအနေများကြောင့် နောင်ဆယ်နှစ်အတွင်း လူသန်းပေါင်း ၅၀ကျော်သည် အပူပိုင်းဒေသနေရပ်ဒေသမှ အခြားဒေသများသို့ ပြောင်းရွှေ့ကြရမည် ဖြစ်ကြောင်း ခန့်မှန်းထားသည်ကိုလည်း လေ့လာသိရှိရသည်။

မိုးခေါင်မှုကြောင့် မြေဆီလွှာများခန်းခြောက်၍ စိုက်ပျိုးရန်မြေယာများ သဲကန္တာရဖြစ်လာနိုင်ခြေကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြေယာပြုပြင်ခြင်းသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ မြေယာပြန်လည် ပြုပြင်ပေးခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအား ဖော်ဆောင်ခြင်းနှင့် စိုက်ပျိုးရေးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာမြေပြုပြင်ခြင်း လုပ်ငန်းစဉ်မှာ အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ လယ်ယာမြေကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် စိုက်ပျိုးရေးဦးစီးဌာနမှ ချမှတ်ထားသော GAP (စိုက်ပျိုးရေး အလေ့အကျင့်ကောင်း)များကို လိုက်နာကျင့်သုံးရာတွင် အရေးပါသော အချက်ဖြစ်ပါသည်။ မြေယာပြုပြင်ထိန်းသိမ်းဆောင်ရွက်သင့်သော နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- သီးနှံစိုက်ပျိုးရာတွင် မြေယာအနိမ့်အမြင့်အလိုက် မြေဆီလွှာတိုက်စားမှုကို ကာကွယ်သည့် ထွန်ယက်နည်းစနစ်များဖြင့် မြေယာကို ပြုပြင်စိုက်ပျိုးခြင်း(တောင်ကုန်းတောင်စောင်းများတွင် ကွန်တိုစနစ်၊ ကုန်းစောင်း ပေါင်ရှည်စနစ်တို့ဖြင့် စိုက်ပျိုးခြင်း)၊



- စိုက်ပျိုးရေး ဆောင်ရွက်သည့် လယ်ယာမြေများတွင် စီးပွားဖြစ်စိုက်ပျိုးခြင်း မပြုသည့်အချိန်များ၌ မြေဆီလွှာတိုက်စားခြင်း၊ မြေငွေ့ပြန်ခြင်း တို့ လျော့နည်းစေရန် မြေဖုံးပင်တစ်မျိုးမျိုးကို စိုက်ပျိုးထားရှိခြင်း၊
- သီးနှံများအား အလှည့်ကျစိုက်ပျိုးသော နည်းစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်း (ပဲမျိုးစုံသီးနှံ တစ်မျိုးမျိုးပါဝင်သော သီးနှံနှစ်မျိုး (သို့မဟုတ်) ထိုထက်ပိုသော သီးနှံအမျိုးအစားများကို လယ်မြေ၊ ယာမြေပေါ်တွင် အစီအစဉ်တကျ တစ်ခုပြီးတစ်ခု အလှည့်ကျ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်-စသည်ဖြင့် သတ်မှတ်နှစ်အလိုက် စိုက်ပျိုးသော နည်းစနစ်ကို ကျင့်သုံးဆောင်ရွက်ရန် ဖြစ်ပါသည်။ သီးနှံတစ်မျိုးပြီးတစ်မျိုး သီးနှံပုံစံတကျ ဆက်တိုက် စိုက်ပေးခြင်းဖြင့် ပေါင်းပင်များ၊ ရောဂါပိုးမွှားများကို ကောင်းစွာ ကာကွယ်နိုင်ပြီး မြေဆီဩဇာကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။)
- စိုက်ခင်းအတွင်းနှင့် စိုက်ခင်းပတ်လည်တွင် ရေဝပ်ခြင်းကို တားဆီးရန် ဆောင်ရွက်ထားရှိခြင်း၊
- မြေဆီလွှာ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းအနေဖြင့် စိုက်ခင်းမြေကို မစိုက်ပျိုးမီ (သို့မဟုတ်)မြေမပြုပြင်မီတွင် မြေနမူနာများရယူ၍ မြေဆီလွှာ ဓာတ်ခွဲစစ်ဆေးခြင်း ဆောင်ရွက်ကာ မြေတွင် ဓာတုပစ္စည်းများပါဝင်မှု၊ မြေ၏ရုပ်ဝတ္ထုတည်ဆောက်မှု၊ ဇီဝသက်ရှိများ ပါဝင်မှု၊ အော်ဂဲနစ်ပစ္စည်းပါဝင်မှုနှင့် မြေအချဉ်အငန်ဓာတ်တို့ကို စမ်းသပ်စစ်ဆေး၍ လိုအပ်သည့် မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- လယ်ယာမြေစိုက်ခင်းအတွင်း သဘာဝ အော်ဂဲနစ် မြေဩဇာများနှင့်သီးနှံအလိုက် လိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေး ဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ အမျိုးအစားအလိုက် အချိုးအစား၊ ထည့်သွင်းချိန်နှင့် ထည့်သွင်းနည်းစနစ် မှန်ကန်စွာထည့်သွင်းပေးခြင်း၊
- သီးနှံစိုက်ပျိုးရာတွင် သီးနှံအလိုက်၊ ဒေသအလိုက် အတန်း၊ အပင်အကွာအဝေး၊ မျိုးစေ့နှုန်းထား မှန်ကန်စွာထားရှိစိုက်ပျိုးခြင်း။

မြေယာပြုပြင်ခြင်းဖြင့် မြေဆီလွှာ အရည်အသွေးအား ရေရှည်ကောင်းမွန်အောင် ထိန်းသိမ်းနိုင်ပြီး စိုက်ပျိုးမြေချဲ့ထွင်မှုအား ကာကွယ်နိုင်ကာ သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အတူ မြေယာပြုပြင်ခြင်း လုပ်ငန်းအား စနစ်တကျ ဆောင်ရွက်ခြင်းသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals-SDGs) ပါရည်မှန်းချက်-၁ ဆင်းရဲမွဲတေမှုပပျောက်ရေး (No Poverty)၊ ရည်မှန်းချက်-၂ ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး (No Hunger)၊ ရည်မှန်းချက်-၁၂ တာဝန်ယူမှုရှိသောသုံးစွဲခြင်းနှင့် ထုတ်လုပ်ခြင်း (Responsible Consumption and Production) တို့အား အကောင်ထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့်အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်သည်ဟု အဆိုရှိထားသော်လည်း အကန့်အသတ်ဖြင့်သာရှိသည့် သစ်တောသစ်ပင်များအား အကန့်အသတ်မရှိ အကျိုးစီးပွားအတွက် စည်းကမ်းမဲ့စွာ ခုတ်ယူသုံးစွဲမည်ဆိုပါက သစ်တောများ ပြုန်းတီးပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ မိုးခေါင်ခြင်းနှင့် နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရများ ဖြစ်ထွန်းခြင်းများ ကြုံတွေ့လာရနိုင်ပါသည်။ သဲကန္တာရဖြစ်ထွန်းခြင်းနှင့် မိုးခေါင်ခြင်း၏ အကျိုးဆက်များဖြစ်သော စိုက်ပျိုးသီးနှံအထွက်နှုန်း ကျဆင်းလာခြင်း၊ မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်း နည်းပါးလာခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းတို့အပြင် ရေအရည်အသွေးများ ကျဆင်းလာပြီး သောက်သုံးရေပမာဏ လျော့နည်းလာခြင်းစသည့် အခြေအနေများမှ ကြိုတင်ကာကွယ်နိုင်ရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်း၊ ရေသယံဇာတများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲ သစ်တောများထိန်းသိမ်းခြင်း၊ အပူပိုင်း၊ ဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်းနှင့်မြေယာပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အကျိုးဆက်စပ်ပတ်သက်သူများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ပြည်သူများအားလုံးမှ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုအပ်ကြောင်း အကြံပြုတိုက်တွန်း ရင်း ၂၀၂၄ ခုနှစ်၊ ဇွန် ၅ရက်၌ ကျရောက်မည့် (၅၁)ကြိမ်မြောက်ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုရေးသားအပ်ပါသည်။

**ရီရီထွေး(ပတ်ဝန်းကျင်)**

## မိုင်းယောင်းမြို့တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



**မိုင်းယောင်း ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဇွန် ၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မိုင်းယောင်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း နှစ်ကျောင်း၊အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၆၉ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၀ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းအပ်နှံသူ မူလတန်းအဆင့် ၃၈၆၁ ဦး၊ အလယ်တန်းဆင့် ၉၁၄ ဦး၊ အထက်တန်းဆင့် ၁၄၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အလယ်တန်းကျောင်းတွင် ၃၈ ဦး ရှိကာ ကျောင်းအပ်လက်ခံခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်မှ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ကျောင်းသုံးစာအုပ်များကို အခမဲ့ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ခဲ့ကြရာ ဆရာ၊ ဆရာမများမှ ကျောင်းသင်ခန်းစာများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။**ဝေဝေခိုင်(ပြန်/ဆက်)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဖီနာဘာချီအသင်းအား တိုးတက်အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမည်ဟု နည်းပြ မော်ရင်ဟိုပြောကြား



**လန်ဒန် ဇွန် ၃**

ဖီနာဘာချီအသင်းနည်းပြသစ် မော်ရင်ဟိုက မိမိအနေဖြင့် အသင်းအား ယခုထက် ပိုမိုတိုးတက်အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဖီနာဘာချီအသင်းသည် နည်းပြ မော်ရင်ဟိုအား နှစ် နှစ်စာချုပ် ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟို၏ မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၂ ရက်က ဖီနာဘာချီအသင်း၏ အိမ်ကွင်းဖြစ်သော Sukru Saracoglu Stagium တွင် ပြုလုပ်ပေးခဲ့ပြီး အသင်းပရိသတ် ထောင်ပေါင်းများစွာကလည်း လာရောက်ကြိုဆိုခဲ့ကြသည်။

အသက်(၆၁)နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုက "ဖီနာဘာချီအသင်းနည်းပြသစ်အဖြစ် ဆောင်ရွက်ရသည့်အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ချစ်ပေးကြတဲ့ ဖီနာဘာချီ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်က ခင်ဗျားတို့ရဲ့ မိသားစုဝင်ဖြစ်သွားပါပြီ။ ဒီအသင်း တိုးတက်အောင်မြင်မှုများ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## နည်းပြ ဂါစီယာပီမီယန်တာအား နည်းပြသစ်အဖြစ် ဆီဗီလာအသင်း ခန့်အပ်

**မက်ဒရစ် ဇွန် ၃**



ဆီဗီလာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂါစီယာပီမီယန်တာအား ၂၀၂၆ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဘာစီလိုနာ(B)အသင်း၊ လက်စ်ပါးမက်စသည့်ကလပ်အသင်းများအား ကိုင်တွယ်ကာ အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆီဗီလာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြ ဂါစီယာပီမီယန်တာက "ကျွန်တော် ဆီဗီလာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဆီဗီလာအသင်း လာမည့်ဘောလုံးရာသီ မှာ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**

## နေးဖ်အေဂွါဒ်အား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇွန် ၃**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဝက်စ်ဟမ်းအသင်း နောက်ခံကစားသမား နေးဖ်အေဂွါဒ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ ပွဲ ကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ဝက်စ်ဟမ်းအသင်းကလည်း နေးဖ်အေဂွါဒ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ နေးဖ်အေဂွါဒ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## ဘာပေအား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း သဘောတူညီမှုရရှိ

**မက်ဒရစ် ဇွန် ၃**

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီ အသင်းတိုက်စစ်မှူး ဘာပေအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။



အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် အခွန်ဆောင်ပြီး တစ်နှစ်လုပ်ခလစာငွေ ယူရို ၁၅ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘာပေသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၈ပွဲ ကစားပြီး ၂၅၆ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ဘာပေအား လာမည့်ဘောလုံးရာသီအသစ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားအဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## နည်းပြ ဆိုးလ်ရှားအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဘီဆစ်တပ်စ်အသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၃**

တူရကီကလပ်ဘီဆစ်တပ်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆိုးလ်ရှား အား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါနည်းပြသည် လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေပြီး နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် မိုဒီ၊ ကာဒစ်၊ မန်ချက်စတာယူနိုက်တက် စသည့်ကလပ်အသင်းများစွာ ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

နည်းပြဆိုးလ်ရှားကိုယ်တိုင်ကလည်း ဘီဆစ်တပ်စ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘီဆစ်တပ်စ်အသင်းအနေဖြင့် အသင်းနည်းပြသစ်အဖြစ် နည်းပြဆိုးလ်ရှားအား ခန့်အပ်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### ဘောလုံးသတင်း အတို့အထွာများ

* တိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်အသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်း အင်တာမီလန်အသင်း CEO ဖြစ်သူ မာရော့တာက ပြောကြားခဲ့သည်။
* မန်ချက်စတာစီးတီးအသင်းသည် အသင်းတိုက်စစ်မှူး ဟာလန်းအား သက်တမ်းတိုးစာချုပ်သစ် ပြင်ဆင်ချုပ်ဆိုသွားရန် စီစဉ်နေကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်

**ပဲရစ် ဇွန် ၃**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အိမ်ရှင် ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet အား ၂-၆၊ ၆-၃၊ ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဘူလ်ဂေးရီးယား တင်းနစ်ကစားသမား Grigor Dimitrov တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။



**(ယာပုံ)**

**(NGB)**

ဝ-ဝ-ဝ-ဝ-ဝ

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၆-၂၀၂၄ အင်္ဂါနေ့ | ညဝ၁း၃ဝနာရီ | ဆလိုဗေးနီးယား - အာမေးနီးယား |
| ၅-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်ဝဝး၄၅နာရီ | ခရိုအေးရှား - အက်စ်တိုးနီးယား |
| ။ | နံနက်ဝ၁းဝဝနာရီ | ရိုမေးနီးယား - ဘူလ်ဂေးရီးယား |
| ။ | နံနက်ဝ၁း၁၅နာရီ | ပေါ်တူဂီ - ဖင်လန် |
| ။ | ။ | အိုင်ယာလန် - ဟန်ဂေရီ |
| ။ | ။ | ဩစတြီးယား - ဆားဘီးယား |
| ။ | နံနက်ဝ၁း၃ဝနာရီ | အီတလီ - တူကီယဲ |



# ရေထွက်ကုန် တင်ပို့မှုမှ ဒေါ်လာ ၈၀၅ သန်း ရရှိရန် ရည်မှန်းထား

ယခုဘဏ္ဍာနှစ် တစ်နှစ်တာ ကာလအတွင်း ပြည်ပနိုင်ငံတွေထံ မြန်မာ့ရေထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၅ သန်းခန့် ရရှိရန် ရည်မှန်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသည်။

အဓိကအားဖြင့် မွေးမြူရေး ပုစွန်တင်ပို့မှုနဲ့ မွေးမြူရေး(ငါးတန်) တင်ပို့မှုတွေကနေ ပို့ကုန်အတိုင်း အတာတစ်ခုအထိ တိုးတက်လာရန် မျှော်မှန်းထားကြောင်း ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှာ ဝယ်လက်နိုင်ငံတွေထံ ရေထွက်ကုန်တန်ချိန် ၅ ဒသမ ၂ သိန်း ကျော်တင်ပို့နိုင်ခဲ့ပြီး အဲဒီကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ၄၂သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဒီဘဏ္ဍာနှစ်မှာ ပြည်တွင်းကနေ ပြည်ပကို ရေထွက်ကုန်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀၅သန်းခန့်တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်မှာဖြစ်သည်။

ပြည်တွင်းက ထွက်ရှိသည့် ရေထွက်ကုန်တွေ ပြည်ပနိုင်ငံတွေကို တင်ပို့ရာမှာ ငါးအုပ်စု၊ ပုစွန်အုပ်စု၊ ငါး၊ ပုစွန်မဟုတ်တဲ့ အခြားရေထွက်ကုန်များ အုပ်စုဆိုပြီး အဓိက အုပ်စုသုံးစုခွဲပြီး တင်ပို့လျက်ရှိသည်။ လက်ရှိမှာ နယ်စပ်ကုန်သွယ်ရေးထက် ပုံမှန်ကုန်သွယ်ရေးဖြစ်တဲ့ ပင်လယ်ရေကြောင်းတင်ပို့မှုကို ပိုမိုအားပြုနေရတယ်လို့လည်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိမှာ ပြည်တွင်းက ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂ၊ အရှေ့အလယ်ပိုင်းဒေသ အပါအဝင် နိုင်ငံပေါင်း ၄၀ ခန့်ကို ရေထွက်ကုန်အမယ် ၃၀၀ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)ရွှေမန်း

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (တတိယ)အကြိမ် ထုတ်ချေး

**ပျဉ်းမနား ဇွန် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမ,ပျောက် လည်ပတ်ရန်ပုံငွေများ (တတိယ)အကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ဇွန် ၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှ ရွာသာ ကျေးရွာအုပ်စု မြောက်လွတ်ကုန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။



ပထမဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မြောက်လွတ်ကုန်း ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြောက်လွတ်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမ,ပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၂သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောက်လွတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ဦး စုစုပေါင်း အသင်းသား၊အသင်းသူ ၉၂ဦးကို အရင်းမ,ပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၂သိန်းအား အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

(အပေါ်ပုံ)

မောင်ခိုင်



# အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိ

**ဆင်ပေါင်ဝဲ ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဇွန် ၃ရက် နံနက်ပိုင်းက စတင်၍ ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ (အပေါ်ဝဲပုံ)

ဆင်ပေါင်ဝဲမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း ၁၄၆ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ၁ ကျောင်း စုစုပေါင်း ၁၄၇ ကျောင်းရှိပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၈၄၅ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမပြုဘဲ ကျောင်းသား၊ကျောင်းသူများအား ဘာသာရပ်အလိုက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများ အစရှိသည့် ကျောင်းအသုံးဆောင်ပစ္စည်းများကို သက်ဆိုင်ရာ ဆရာ၊ ဆရာမများက (အခမဲ့) ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက် (ဈ-၁/ဈ-၂)ကြား၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ စည်ပင် မော်တော်ယာဉ်ဌာနအနီးတွင် ရောင်းချပေးခဲ့သည်။




ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်(လလ-၆၈)၊ ၁၃၉လမ်းနှင့် လမ်း၁၄၀ကြားတွင်လည်းကောင်း၊ ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ကြေးလက်ဆက်ဘုရားဝင်း၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံတွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၄၁၈)၊ အုတ်စက် ရွာလယ်မွှာရုံရှေ့၊ ၆၂လမ်း၊ ၁၄ လမ်းအရှေ့ဘက်၊ နဒီမြောင်းအနီးတွင်လည်းကောင်း နေ့စဉ် နံနက် ၆ နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဇွန် ၃**

၂၀၂၄ခုနှစ် ဇွန် ၅ ရက်တွင် ကြရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးအမျိုးသမီးအသက်မွေးအတတ်ပညာသင်ကျောင်းတို့ပူးပေါင်း၍ စုပေါင်း သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ မြို့ပတ်လမ်းရှိ အဆိုပါ သင်တန်းကျောင်းဝင်းတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အောင်မြေသာစံခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်း ၁၅ ဦး၊ သင်တန်းကျောင်းမှ ဆရာမများနှင့် သင်တန်းသူ ၄၅ ဦး၊ စုစုပေါင်း ၆၀ ဦးတို့က ကျောင်းဝင်းအတွင်း သာယာလှပစေရေးအတွက် သပြေဘူတ အပင် ၃၀၊ ခရေ အပင် ၃၀၊ ပိတောက် အပင် ၃၀၊ စိန်ပန်း အပင် ၃၀တို့အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရွှေစည်းခုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် ကြာမှောက်၊ ကြာလန်နှင့် ရွှံလုံးကြီးများရှိ ရွှေပြားများ ပြန်လည်ပြုပြင်၍ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးနှင့် ကြာခံကြီး၊ ကြေးဝန်း၊ ရှစ်မြှောင့်ချိုး၊ အရန်စေတီလေးဆူ၊အထက်ပစ္စယံတို့အား ရွှေသင်္ကန်းကပ်လှူနိုင်ရေး၊ ရွှေမိုက်ထုတ်ယူနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပခဲ့သည်။

ရွှေစည်းခုံစေတီတော် ကြာမှောက်၊ ကြာလန်နှင့် ရွှံလုံးကြီးများရှိ ရွှေစင်၊ ရွှေပြားများ ပြန်လည်သန့်စင်ခြင်း ရွှေသင်္ကန်း



ကပ်လှူပူဇော်နိုင်ရေးနှင့် ကြာခံကြီး ၊ကြေးဝန်း၊ ရှစ်မြှောင့်ချိုး၊ အရန်စေတီ လေးဆူ၊ အထက်ပစ္စယံတို့အား ရွှေသင်္ကန်းကပ်လှူနိုင်ရေး၊ ရွှေမိုက်ထုတ်ယူနိုင်ရေး ရွှေသင်္ကန်းပြန်လည်ကပ်လှူမည် ဖြစ်ရာ ပျက်စီးယိုယွင်းနေသည့် ကြေးပြားများပေါ်မှ ရွှေစင်ရွှေသားများ ပြန်လည်ကပ်လှူမည်ဖြစ်ကြောင်း၊ ရွှေစည်းခုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေစည်းခုံစေတီတော်ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရွှေစည်းခုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပြီး ကြာမှောက်၊ ကြာလန်နှင့် ရွှံတို့မှအပ ရွှေစည်းခုံစေတီတော်အား မျက်ပါးရွှေဆိုင်း ၂၆၀၀၀ ဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ နှစ်လက်မပတ်လည် မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် တစ်သိန်းခွဲကျပ်ဖြင့် ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ရုံးသို့ တိုက်ရိုက်ဖြစ်စေ၊ ညောင်ဦးခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံတို့တွင်လည်း KBZ Pay တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**

## မိုးရွာသွန်းမှုကြောင့် မြစ်ရေများ မြင့်တက် ၊ မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေ ၈၀ စင်တီမီတာခန့် မြင့်တက်လာနိုင်

နိုင်ငံအနှံ့အပြား မိုးရွာသွန်းခဲ့မှုဖြစ်စဉ်များကြောင့် မြစ်ရေများ မြင့်တက်လာခဲ့ရာ မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ဇွန် ၁ ရက်က ၅၄၀ စင်တီမီတာရှိရာမှ ယနေ့ နံနက် ၆ နာရီခွဲ တိုင်းတာချက်များအရ ၇၇၀ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ ၈၀ စင်တီမီတာခန့် ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီခွဲချိန် တိုင်းတာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားတွင် ၅၀၀ စင်တီမီတာ၊ ဗန်းမော်တွင် ၇၇၄ စင်တီမီတာ၊ ရွှေကူတွင် ၆၄၂ စင်တီမီတာ၊ သပိတ်ကျင်းတွင် ၉၉၄ စင်တီမီတာ၊ မန္တလေးတွင် ၇၇၀ စင်တီမီတာ၊ စစ်ကိုင်းတွင် ၆၉၉ စင်တီမီတာ၊ မြင်းမူတွင် ၆၄၄ စင်တီမီတာရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ပြီးခဲ့သည့် မေလလယ် နောက်ပိုင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်း သက်ရောက်မှုကြောင့် မြန်မာနိုင်ငံဒေသနှံ့အပြား မိုးရွာသွန်းခဲ့သဖြင့် မြစ်ရေမြင့်တက်လာခဲ့ကြောင်း မိုးဇလတာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံမှာ မုတ်သုံရာသီစတင်တာကြောင့် ဒေသအတော်များများမှာ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်လာတယ်။ ဇွန် ၂ ရက်ကဆိုရင် မြင်းခြံမှာ မိုးရေ ချိန် ၃ လက်မကျော်နဲ့ စံချိန်တင်ခဲ့တယ်။ မြစ်ကြောင်းတွေက အထက်ကနေ အောက်ကို စီးဆင်းရာမှာ မိုးရွာသွန်းမှုကနေ မြစ်ရေမြင့်တက်လာခဲ့တယ်။ မန္တလေးဆိပ်ကမ်းမှာ နောက်ရက်တွေဆိုရင် မြစ်ရေအမှတ် ၈၀ စင်တီမီတာကျော်မြင့်တက်လာနိုင် တယ်"ဟု ၎င်းကပြောသည်။

"အထက်ပိုင်းကနေ အောက်ဘက်ကို စီးဆင်းလာတာကြောင့် အထက်ဘက် မြစ်ရေကျဆင်းလာတာနဲ့ အောက်ဘက်ဆိပ်ကမ်းတွေမှာ မြစ်ရေတက်လာတယ်။ ဇွန် ၁ ရက်က ဗန်းမော်မှာ ၈၈၇ စင်တီမီတာရှိချိန်မှာ မန္တလေးမှာ ၅၅၀ ဘဲရှိတယ်။ ယနေ့မှာ ဗန်းမော်ဆိပ်ကမ်းမြစ်ရေ ၇၇၄ စင်တီမီတာဖြစ်သွားတာက အောက်ဘက်စီးဆင်းသွားပြီး လျော့သွားရာက မန္တလေးမှာ မြစ်ရေတက်လာတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုးဇလမှ ဇွန်လ ပထမ ၁၀ ရက်ပတ် မြစ်ရေခန့်မှန်းချက် ထုတ်ပြန်ထားရာတွင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား၊ဗန်းမော်၊ ရွှေကူ၊ ကသာ၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မကွေး၊ အောင်လံ၊ ပြည်၊ ဇလွန်



ဆိပ်ကမ်းတို့တွင် လက်ရှိမြစ်ရေများထက် ၉ ပေခန့် မြင့်တက်လာနိုင်ကြောင်း၊ ချင်းတွင်းမြစ်ဆိပ်ကမ်းနှင့် မြစ်သာမြစ်ဆိပ်ကမ်း၊ စစ်တောင်းမြစ်ဆိပ်ကမ်းတို့တွင်လည်း လက်ရှိမြစ်ရေများထက် မြင့်တက်လာနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ ကျောင်းသား၊ ကျောင်းသူ ၁၂၁၃ ဦး ကျောင်းအပ်လက်ခံထားရှိပြီးဖြစ်

**ကျောက်ဆည် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ကျောင်းသူ ၁၂၁၃ ဦး ကျောင်းအပ်လက်ခံထားရှိပြီး ဖြစ်ကြောင်းနှင့် ယနေ့ နံနက်ပိုင်းကစတင်ကာ အင်ဂျင်နီယာဘာသာရပ်များနှင့် ဗိသုကာပညာရပ်များ စာတွေ့လက်တွေ့ စတင်သင်ကြားပေးသွားမည်ဖြစ်သည်။

အင်ဂျင်နီယာဘာသာရပ်များနှင့် ဗိသုကာပညာရပ်များ သင်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊စက်မှုအင်ဂျင်နီယာ၊ မက္ကာထရောနစ်အင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊နျူကလီးယားအင်ဂျင်နီယာ၊သုတနည်းပညာ၊ ဇီဝနည်းပညာများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၈၅)**

*-*-*-*-*

## အသေးစားကုန်ထုတ်လုပ်ငန်းများ ပန်တီးပေးနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ ဆွေးနွေး

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်သည် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ဇွန် ၁ ရက် နံနက်ပိုင်းက ရောက်ရှိကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး၊ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ်၊သမန္တလင်းကျေးရွာအုပ်စုသို့သွားရောက်ကာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကျေးရွာတာဝန်ရှိသူများ၊ရပ်မိရပ်ဖများ၊ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးမြေနေရာသို့ ရောက်ရှိကာကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့မှ ပလတ်စတစ်ကောက်၍ ရှင်းလင်း

**ညောင်ဦး ဇွန် ၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းနေလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သိမ်းသန့်ကောက်ယူခြင်းကို ဇွန် ၁ ရက် နံနက် ၇ နာရီမှ စတင်ကာ ပလတ်စတစ်အမှိုက်များအား ကောက်ယူရှင်းလင်းခဲ့သည်။



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှဝန်ထမ်းများ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ဖူးဘုရားစေတီမှ ဆာကူရာလမ်းဆုံမီးပွိုင့်အထိ လမ်းဘေးဝဲ၊ ယာမှ ပလတ်စတစ်အမှိုက်များအား ကောက်ယူခြင်းနှင့် မီးမလောင်ကျောင်းအရှေ့ဘက်ကွင်းပြင်ထဲရှိ ပလတ်စတစ်အမှိုက်များအား ကောက်ယူ ရှင်းလင်းသွားရာ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပလတ်စတစ်များ ကောက်ယူခဲ့ကြကြောင်း၊ ပလတ်စတစ်အမှိုက်များ ကောက်ယူ၍ စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ကျင်းသို့ စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၄၈၁)**



# ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာစာသင်ကျောင်းများ စတင်ဖွင့်လှစ်

**ကျွန်းလှ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာစာသင်ကျောင်းများ ဇွန် ၃ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

"၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ကျောင်းအပ်လက်ခံခဲ့တယ်။ ဒီနှစ်ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူ ၆၅၇၇ ဦး လျာထားပြီး ဇွန် ၂ ရက်ထိ မူလတန်း ၃၄၂၉ ဦး၊ အလယ်တန်း ၁၁၉၇ဦး၊ အထက်တန်း ၅၆၀ဦး စုစုပေါင်း ၅၁၈၆ ဦး၊ ၇၈ ဒသမ ၈၅ ရာခိုင်နှုန်း ကျောင်းအပ်နှံပြီးဖြစ်တယ်"ဟု ကျွန်းလှမြို့နယ်ပညာရေးမှူး ဦးမြင့်လွင်က ပြောသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ လမ်းညွှန်မှုဖြင့် ပညာရေးဌာန ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်း ၂၀ နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း စုစုပေါင်း ၂၂ ကျောင်း ဖွင့်လှစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ပုံ)(၄၈၀)**

# အသက်(၂)လမှ (၁၀)နှစ်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**အရာတော် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီးမုံရွာခရိုင်၊ အရာတော်မြို့နယ်အတွင်း၌ ကလေးသူငယ်များ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန် ရည်ရွယ်၍ အသက်(၂)လမှ (၁၀)နှစ်အတွင်းရှိ ကလေးများအား ပုံမှန်ကာကွယ်ဆေးတိုက်၊ ဆေးထိုးခြင်းကို ဇွန် ၂ ရက် နံနက် ၉နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက အရာတော်မြို့နယ်ရှိ ဆာဆာကာဝါခန်းမ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ပြည်သူ့ကျန်းမာရေးရုံးရှေ့တို့တွင် အသက်(၂)လမှ (၁၀)နှစ်အတွင်းရှိ ကလေးများအား တီဘီ၊ ဆုံဆို့နာ၊ အသည်းရောင်အသားဝါ(ဘီ)၊ ကြက်ညှာချောင်းဆိုး စသည့်ရောဂါများအား ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**
**(၀၅၇)**



# ဆင်ဖြူအင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားစေရန် ရည်ရွယ်၍ ပန်းဦးတောင်ကျေးရွာအုပ်စု၊ ဆင်ဖြူအင်းကျေးရွာ၌ ဖွင့်လှစ်ပေးသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖေယုညီက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသည် ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သား ရှားပါးမှုကို အထောက်အကူပြုဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်၍ သင်ကြားဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ကျွမ်းကျင်နည်းပညာရှင်များဖြင့် သင်ကြားပေးမည်ဖြစ်ပြီး လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို ပြင်ဦးလွင်မြို့နယ်၊ ဆင်ဖြူအင်းကျေးရွာမှ သင်တန်းသူ ၁၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)စိုးမိုးကျော်**

# နို့စားနွားမွေးမြူရေးအပါအဝင် မွေးမြူရေးလုပ်ငန်းအမျိုးအစား လေးမျိုးကို ငွေကျပ် ၁၂ ဘီလီယံထုတ်ချေးမည်

မန္တလေးတိုင်းဒေသကြီး အပါအဝင် တိုင်းနှင့်ပြည်နယ်ကိုးခု အတွင်း လုပ်ကိုင်နေသည့် မွေးမြူရေးအမျိုးအစား လေးမျိုးကို ငွေကျပ် ၁၂ ဘီလီယံ ထုတ်ချေးပေးသွားမည်ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သိရသည်။

ချေးငွေရယူနိုင်မည့် မွေးမြူရေးလုပ်ငန်းက အသားတိုးနွားမွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းနဲ့ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းတွေဖြစ်သည်။

"အခုထုတ်ချေးမယ့်ကဏ္ဍတွေက ခုနောက်ပိုင်း လုပ်ကိုင်သူနည်းလာတယ်။ ဒါကြောင့် ချေးငွေထုတ်ပေးပြီး ပြန်ဆွဲဆောင်တယ်ထင်တယ်။ နို့စားနွားဆိုလည်းသိပ်မရှိဘူး။ တွက်ချေမကိုက်ကြတော့ အကောင်ရေလျော့တာတွေမျိုးပေါ့"ဟု နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ မွေးမြူရေးချေးငွေထုတ်ပေးမယ့်ဒေသတွေက နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ဖြစ်သည်။

အဆိုပါ မွေးမြူရေးလုပ်ငန်းတွေထဲကမှ သတ်မှတ်စည်းကမ်းချက်တွေနဲ့ ကိုက်ညီသူတွေကို လာမယ့် ဇွန်လကစပြီး အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမှာဖြစ်ပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းကို ချေးငွေကာလမှာ နှစ်ရှည်ချေးငွေအဖြစ် ကာလသုံးနှစ်အထိထားကာ ချေးပေးသွားမည်ဖြစ်သည်။

အသားတိုးနွားမွေးမြူရေးလုပ်ငန်း၊ ဥစားကြက်၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများကို ချေးငွေကာလ နှစ်နှစ်သတ်မှတ်ပြီး ထုတ်ချေးပေးသွားမည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တုန်းကတော့ ဝက်မွေးမြူရေး၊ ကြက်နဲ့ဘဲ မွေးမြူရေးလုပ်ငန်းတွေကို ချေးငွေထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေထုတ်ချေးမည့်ပုံစံမှာ ဝက်တစ်ယူနစ်(ခေါ်)ဝက်ကောင်ရေ ၁၀၀ အတွက်ကို ချေးငွေကျပ်သိန်း ၃၅၀နှုန်းဖြစ်ပြီး ကြက်နဲ့ဘဲမွေးမြူသူတွေကို တစ်ယူနစ်(ခေါ်) ကြက်၊ ဘဲ အကောင်ရေ ၃၀၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ နှုန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)ရွှေမန်း**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲလွန်းကျော်တိုက်နယ်ဆေးရုံတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရဲလွန်းကျော်ကျေးရွာရှိ ရဲလွန်းကျော်တိုက်နယ်ဆေးရုံတွင် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါဆေးရုံဝင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်နှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ရဲလွန်းကျော်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက စုပေါင်းပြီးသစ်ပင်များကို စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာနမှ ခရေ၊မယ်ဇယ်နှင့် ကုက္ကိုပျိုးပင် ၆၁ ပင်ကို ပံ့ပိုးကူညီခဲ့သည်။ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ရဲလွန်းကျော်တိုက်နယ်ဆေးရုံအတွက် အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမန်းကိုကိုက လက်ခံရယူခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**



# အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ပန်းချီပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ်ရှိ ပန်းချီဆရာများပူပေါင်း၍ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ပန်းချီပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ(ရခိုင်)စေတီတော်၏ သင်္ဂြိုဟ်သုခမ္မာရုံတွင် ကျင်းပခဲ့သည်။

အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ပန်းချီပြပွဲကို တောင်တွင်းကြီးမြို့နယ်ရှိ ပန်းချီဆရာများ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲရာတွင် အခြေခံကျသည့် ဆွဲသားပုံ၊ ဆွဲသားနည်းနှင့် လိုက်ဖက်သည့် ဆေးရောင်ခြယ်နည်းတို့ကို သင်ကြားပြသခဲ့ပြီး ပန်းချီသင်တန်းဆင်းပွဲနှင့်အတူ သင်ကြားပြသခဲ့သည့် ပန်းချီဆရာများနှင့် ပန်းချီသင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီလက်ရာများစုပေါင်း၍ မေ ၃၀ ရက်မှစတင်၍ ဇွန် ၂ ရက်အထိ ၃ရက်တိုင်တိုင် ခင်းကျင်းပြသပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ပန်းချီပြပွဲတွင် ပြသသည့် ပန်းချီအမျိုးအစားများမှ ခဲပန်းချီ၊ ရေဆေးပန်းချီ၊ ကာလာပန်းချီ၊ ပန်းဆဲ၊ ခရေယွန်၊ ပိုစတာကာလာ၊ အခရိုင်းလစ်၊ ကာတွန်းပန်းချီစသည့် အမျိုးအစား ရှစ်မျိုးနှင့် ပန်းချီကားပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသထားကြောင်း ပန်းချီပြပွဲ စီစဉ်သူ တာဝန်ခံတစ်ဦးထံမှ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# ကွန်ပျူတာအခြေခံသင်တန်း (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကလေး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် ကွန်ပျူတာအခြေခံသင်တန်း(၃/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကွန်ပျူတာသင်တန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က သင်တန်းဖွင့်လှစ်ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၂ ရက်မှစ၍ ၃၀ ရက်အထိ နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးနည်းပညာတက္ကသိုလ် ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများ ပညာသင်ကြားလျက်ရှိ

**မန္တလေး ဇွန် ၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင်၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်တို့တွင် ကျောင်းသား၊ကျောင်းသူ ၁၁၀၀ဦးခန့် ဇွန် ၃ ရက်မှ စတင်သင်ကြားလျက်ရှိသည်။

မန္တလေး နည်းပညာတက္ကသိုလ်၌ ပထမနှစ်မှဆဋ္ဌမနှစ်အထိ ဘွဲ့ကြိုသင်ကြားခြင်းအပြင် မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာတို့ကိုလည်း သင်ကြားပေးလျက်ရှိပြီး၊ ယခုနှစ် ကျောင်းဖွင့်ရာသီ ပထမနေ့တွင် တာဝန်ခံပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ပါမောက္ခ ဌာနမှူးများ၊ ကထိက ဌာနမှူးများက ကြိုဆိုမိတ်ဆက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ဝ၉၅)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရခဲမှု လှူဒါန


* လှူဒါန အခိုက်အတန့်မှာ
ရည်မှန်းရာ မျှော်လင့်ချက်
ဖိတ်ဦးနော်
မိတ်သုံးဖော် ဝိရိယရယ်နှင့်
ဖွဲလုံ့လဆက် ။

* မျှော်လင့်ရာ ပန်းတိုင်အဖြစ်
အားမာန်သစ် ဝင့်ကာရည်
အရိုးကြေ အရေခန်း
ထိပ်ဆုံးသို့ ရောက်ရမည်
လုပ်းလို့မာန်ချီ ။

* ဖြစ်နိုင်ခြေမဆိုးရွားစေဖို့
စွန့်စားမှု ချင့်ချိန်ပါ
ကြံ့ကြံ့ခံ အကောင်းအဆိုး
လှူဒါနအခိုက်အတန့်မှာ
ကောင်းကျိုးတွေ ဖွေရှာ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**





## သတင်းပဒေသာ

### ဘောလုံးနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ပူးပေါင်းဖွင့်လှစ်သည့် MFF “D” and AFC “C” Diploma Coaching Course ဘောလုံးနည်းပြသင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို မေ ၁၇ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၁၆ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဗန်းမော်မြို့နယ် မီးသတ်ဦးစီးဌာနတာဝန်ခံ ဦးစည်သူအောင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်မှုကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲမှစတင်၍ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်ရှိ ရပ်ကွက်များသို့ လှည့်လည်အသိပေးနှိုးဆော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ဝန်ထမ်းများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မိဘများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ခရိုင်/မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက အ.ထ.က(မိုင်းဆတ်) မြတ်ပညာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကားကြီးဝင်းရှေ့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများမှ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre ခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အကြိမ်(၂၀)မြောက် မဟာပဋ္ဌာန်းကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ကြံခင်းကျေးရွာ၊ ကြံခင်းရွာဦးကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော အကြိမ်(၂၀)မြောက် မဟာပဋ္ဌာန်းကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီက ကြံခင်းကျောင်းတိုက်၏ ဓမ္မာစာရ ဓမ္မဗိမာန်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကြံခင်းရွာဦးကျောင်းတိုက် နာယက ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တ တိက္ခယာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်ရာ ပဋ္ဌာန်းကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမများ၊ ဆွမ်း၊ ဟင်း၊ အချိုပွဲကုသိုလ်ရှင်၊ လှူဖွယ်ဝတ္ထုနှင့် နဝကမ္မကုသိုလ်ရှင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ညီ၍ အခမ်းအနားကို ‘နမော တဿ’ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ချမ်းသာကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပါရဂူက ရောင်ခြည်တော်ဖွင့်ဂါထာတော်ဖြင့် ဘုရားပင့်ရှိခိုးပြီး ဘဒ္ဒန္တပရမက နတ်ဖြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ကြားပြီးနောက် ကြံခင်းကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့အား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ကြသည်။ ဆွမ်းကုသိုလ်ရှင်မိသားစုတို့က ဆွမ်းဟင်းလျာ အဖြာဖြာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရေဝန်းတောင်ကျောင်းတိုက် ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ချမ်းသာကြီးကျောင်းတိုက်မှ ဘဒ္ဒန္တသုခက ဆဗ္ဗဏ္ဏုရံသီ ဗုဒ္ဓဝန္ဒနာဂါထာတော်ကို ပူဇော်ပြီး လှိုင်ပေါက်ကျောင်းတိုက်မှ ဘဒ္ဒန္တပညာသီရိက ပဋ္ဌာနုထုတိဝန္ဒနာဂါထာပူဇော်၍ ပဋ္ဌာန်းအခါတော်ကြားဂါထာဖြင့် တောရကျောင်းတိုက်မှ ဘဒ္ဒန္တပညာဝံသက ပူဇော်ပြီး ကြွရောက်တော်မူသော ဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ (၂၄)ပစ္စည်းကို (၃)ကြိမ်တိုင်တိုင် ရွတ်ဆိုပူဇော်၍ အလှည့်ကျပဋ္ဌာနဘာဏက သံဃာတော်များက ဆက်လက်ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါမဟာပဋ္ဌာန်းကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လပြည့်ကျော် ၁၁ ရက်မှ ကဆုန်လပြည့်ကျော် ၁၅ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၃)**

## ဖြူဟွစိုင်ရိလူမှုကူညီရေးအသင်း(မန္တလေး)ဆေးခန်းသို့ ကျောက်ကပ်တုသွေးသန့်စင်စက်များ လှူဒါန်း

**မန္တလေး ဇွန် ၃**

ဆင်းရဲနွမ်းပါးဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်းရှိ ဖြူဟွစိုင်ရိလူမှုကူညီရေးအသင်းဆေးခန်းတွင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များက ဆေးခန်းဖွင့်၍ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၂ နာရီအတွင်း ဆေးကုသပေးလျက်ရှိသည်။ အလားတူ ဖြူဟွစိုင်ရိလူမှုကူညီရေးအသင်း ကျောက်ကပ်တုသွေးသန့်စင်ခြင်းဌာနမှလည်း ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောပေးခြင်းကို နေ့စဉ် နံနက်ပိုင်းတွင် ၃၂ ဦး၊ မွန်းလွဲပိုင်းတွင် ၃၂ ဦး ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြူဟွစိုင်ရိလူမှုကူညီရေးအသင်း ကျောက်ကပ်တုသွေးသန့်စင်ဌာနသို့ စေတနာအလှူရှင်များက ကျောက်ကပ်တုသွေးသန့်စင်စက်များ လှူဒါန်းလျက်ရှိရာ ဇွန် ၂ ရက်က မန္တလေးမြို့နေ ဦးခင်မောင်အေး စာရင်းစစ်မှူး(ငြိမ်း)+ ဒေါ်ဦးဦးမြင့် လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)စာရင်းစစ်ချုပ်ရုံးတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ကျောက်ကပ်တုသွေးသန့်စင်စက် နှစ်လုံးကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌဒေါက်တာ ငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ အဆိုပါအလှူရှင်မိသားစုသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်ကလည်း ကျောက်ကပ်တုသွေးသန့်စင်စက် နှစ်လုံးကို လာရောက်လှူဒါန်းခဲ့သည်။ ဖြူဟွစိုင်ရိလူမှုကူညီရေးအသင်းသို့ ငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းလိုပါက အိမ်တိုင်ရာရောက် ကောက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖုန်း ၀၂-၄၀၃၉၁၄၃၊ ၀၂-၂၈၄၄၃၅၀နှင့် မြန်မာ့စီးပွားရေးဘဏ်စာရင်းအမှတ် SF001 683၊ KBZ ဘဏ် 04130404 1 014 81201၊ AYA ဘဏ် 20000361019 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**





## အလှူရှင်များက မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာအလှူရှင်များက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ဂိုထောင်ဝင်းအတွင်း မေ ၃၁ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော မီးလောင်မှုတွင် ဂတ်စ်အိုးပေါက်၍ မီးလောင်ဒဏ်ရာရရှိခဲ့သော ဦးသိန်းစိုး(ကွယ်လွန်)၏ ကျန်ရစ်သူမိသားစုအား ငွေကျပ် ၁၀ သိန်း၊ ဒေါ်မြမြဝင်း(ကွယ်လွန်)၏ ကျန်ရစ်သူမိသားစုအား ငွေကျပ် ၁၀ သိန်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဦးအေးထွန်းအား ငွေကျပ် ၁၀ သိန်း၊ ဒေါ်စန်းမြင့်အား ငွေကျပ် ၁၀ သိန်း၊ ဦးမြအောင်အား ငွေကျပ် ၁၀ သိန်းနှင့် မောင်စစ်ငြိမ်းနိုင်အား ငွေကျပ် ၁၀ သိန်းတို့က မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များက ဆေးရုံနှင့် နေအိမ်များသို့ ဇွန်၂ရက်က သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့သည်။

မီးလောင်ဒဏ်ရာရရှိခဲ့သော အောင်နန်းအရှေ့ အရန်မီးသတ်စခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးတင့်ခိုင်အား မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ထောက်ပံ့လှူဒါန်းငွေကျပ် ၄၅ သိန်းကို မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များက မန္တလေးဆေးရုံကြီးသို့ သွားရောက်ပေးအပ်ပြီး လူနာမေးမြန်း အားပေးစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

# ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဝိသမသမားစီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုပြီး နိုင်ငံတော်၏စီးပွားရေး၊ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန်ရည်ရွယ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင် အရောင်းအဝယ်ပြုလုပ်ခြင်း၊ လူမှုကွန်ရက်မီဒီယာများမှ ဆွဲဆောင်စည်းရုံးရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၅၁) လမ်း အထက် အမှတ် (၁၅၅/၁၅၇)၊ (၈)လွှာ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်တို့ နှစ်ဦးသည် ထိုင်းနိုင်ငံမှ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင် ရောင်းချလျက်ရှိကြောင်းသိရှိရသည့်အတွက် လုံခြုံရေး အဖွဲ့အစည်းများမှ ကုမ္ပဏီတာဝန်ရှိသူများနှင့် ဆက်စပ်တရားခံများအား ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင် ရောင်းချရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အရောင်းပြပွဲများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင်ကွန်ဒိုတိုက်ခန်းဝယ်ယူသူများက ပေးချေသည့် မြန်မာကျပ်ငွေများကို လက်ခံရယူပြီး ထိုင်းနိုင်ငံသို့ တရားမဝင် ဟွန်ဒီလုပ်ငန်းများမှ ငွေကြေးများ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ထို့အပြင် Minn Thu ကုမ္ပဏီမှ ရောင်းချခဲ့သည့် ပြည်ပနိုင်ငံရှိ တိုက်ခန်းများကို တရားမဝင် ဝယ်ယူထားသည့် ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့ သုံးဦးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ထိုင်းနိုင်ငံရှိဘဏ်များ၌ တရားမဝင်ဖွင့်လှစ်ထားသည့် ၎င်းတို့၏ ဘဏ်ငွေစာရင်းများမှ တစ်ဆင့် တိုက်ခန်းဖိုးငွေကြေးများ လွှဲပြောင်းပေးချေခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများအား တရားမဝင်ရောင်းချခြင်းနှင့် တရားမဝင်ဟွန်ဒီလုပ်ငန်းမှ ငွေကြေးလွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့သူ Minn Thu ကုမ္ပဏီမှ တရားခံ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံများ၌ ဘဏ်ငွေစာရင်းများ တရားမဝင် ဖွင့်လှစ်ထားသည့် တရားခံ ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန် တို့ကိုလည်းကောင်း၊ ပြည်ပနိုင်ငံတွင် တရားမဝင် တိုက်ခန်းဝယ်ယူထားသူများကို လည်းကောင်း စိစစ်၍ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

တရားမဝင် ကွန်ဒိုတိုက်ခန်းရောင်းချခဲ့သည့် Minn Thu ကုမ္ပဏီမှ တရားခံ (၂) ဦး



အောင်ကျော်ထွန်း (ဒါရိုက်တာ)



မင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) (အထွေထွေမန်နေဂျာ)

ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို တရားမဝင် ပြည်ပဘဏ်ငွေစာရင်းများဖွင့်လှစ်၍ ဝယ်ယူထားသည့် တရားခံများ



နေမျိုးဟန်



မင်းထွန်း



မြတ်မြတ်မွန်

ထို့အပြင် ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများအား Online မှတစ်ဆင့် တရားမဝင် ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့် ဝယ်ယူသူများအား ဆက်လက်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ တရားမဝင်ပြည်ပနိုင်ငံရှိတိုက်ခန်း အရောင်းအဝယ် ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေး သတင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်

## အမျိုးသမီးများကို အတင်းအကျပ်စစ်မှု ထမ်းဆောင်ရန် စတင်စုဆောင်းနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးများကို အတင်းအကျပ် စတင်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန် အမျိုးသမီးများကို စတင်စုဆောင်းနေသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့်အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ကောလာဟလ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် မန္တလေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်၌ ဘာသာရပ်ဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း (ယာပုံ) မန္တလေးတက္ကသိုလ် (သင်တန်းရေးရာဌာန)မှ သိရသည်။



အဆိုပါ မန္တလေးတက္ကသိုလ်တွင် ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ တတိယနှစ် (ပထမနှစ်ဝက်)နှင့် (ဒုတိယနှစ်ဝက်)၊ ပထမနှစ်ဂုဏ်ထူးတန်း (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း(ဒုတိယနှစ်ဝက်)နှင့် တတိယနှစ်ဂုဏ်ထူးတန်း(ဒုတိယနှစ်ဝက်)၊ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)၊ မဟာအရည်အချင်းစစ် (ဒုတိယနှစ်ဝက်)၊မဟာပထမနှစ် (ပထမနှစ်ဝက်) နှင့် (ဒုတိယနှစ်ဝက်)၊ မဟာဒုတိယနှစ်(ဒုတိယနှစ်ဝက်)၊ ပါရဂူ(ပထမနှစ်)၊ ပါရဂူ(ဒုတိယနှစ်)၊ ပါရဂူ(တတိယနှစ်)၊ ပါရဂူ(စတုတ္ထနှစ်)စသည့် ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၆ မှ

အစည်းအဝေးတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကော်မတီ ဥက္ကဋ္ဌတို့က အမှာစကား အသီးသီး ပြောကြားခဲ့ကြပြီးနောက် ကော်မတီဥက္ကဋ္ဌက ယူ-၁၀၊ ယူ-၁၂ (ကျား၊ မ) Grassroots ဘောလုံးပွဲတော်များ၊ ကျောင်းအခြေပြု လူငယ်ပြိုင်ပွဲများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ နှစ်စဉ်ပူးပေါင်းကျင်းပရေး၊ ယူ-၁၅ အမျိုးသားလိဂ်၊ ယူ-၁၅ အမျိုးသမီးလိဂ် ပြိုင်ပွဲများ နှစ်စဉ်ကျင်းပသွားရေးတို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။ ယင်းနောက် ကျောင်းများပါဝင်နိုင်မည့် Inter School ပြိုင်ပွဲများ ဖော်ထုတ်ခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံနှင့်ချိတ်ဆက်၍ အကယ်ဒမီ ပြိုင်ပွဲများ ဖော်ဆောင်ခြင်း၊ ဖီဖာ ယူ-၁၇၊ ယူ-၂၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲများအတွက် ကြိုတင်၍ နည်းစနစ်ပိုင်းနှင့် လိုအပ်သော ပြိုင်ပွဲများ၊ ကစားသမား ရွေးချယ်ရေးအစီအစဉ်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း စသည့် လူငယ်ပြိုင်ပွဲများနှင့် ကစားသမားကောင်းများ ပေါ်ထွက်လာရေး စီမံကိန်းများကို ကော်မတီတွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ **(NGB)**



## ပန်တောင်ရေထွက်(ရေပြာအိုင်)တွင် ရိုးရာဓလေ့ရေတောင်းပွဲ ကျင်းပ

**မောက်မယ် ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ ပန်တောင်ရွာအနီးရှိ ပန်တောင်ရေထွက်(ရေပြာအိုင်)တွင် ရေတောင်းပွဲကို ရှမ်းရိုးရာဓလေ့ ထုံးတမ်းစဉ်လာများအရ အဆိုပါ ရေထွက်တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

မောက်မယ်မြို့နယ်တွင် ရေထွက်များ ပေါများသဖြင့် နှစ်စဉ် ကဆုန်လအတွင်း နေရာဒေသအသီးသီးကျေးရွာများအလိုက် ရိုးရာဓလေ့ ရေတောင်းပွဲကို ကျင်းပသည်။

ထိုသို့ ရေတောင်းပွဲကို နှစ်စဉ် ကျင်းပပြုလုပ်ရခြင်းမှာ ပန်တောင်ရေထွက် (ရေပြာအိုင်)မှ ထွက်ရှိလာသော ရေသည် လယ်ယာမြေအတွက် လုံလောက်စွာ ပေးဝေနိုင်ခြင်း၊ မိုးလေဝသ မှန်ခြင်း၊ ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံပေါများကြွယ်ဝခြင်း၊ သီးနှံများတွင် ပိုးမွှားများဖျက်ဆီးသည့် ဘေးဒဏ်ကင်းခြင်းတို့အယူရှိကြပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ ကျေးရွာများက ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကာ ယမန်နေ့ နံနက် ၁၁ နာရီတွင် ပင့်ဖိတ်ထားသည့် သံဃာတော်များအား နေ့ဆွမ်းနှင့် ဘောဇဉ်၊ ခဲဖွယ်၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြသော ဓမ္မမိတ်ဆွေများတို့အား ထမင်းထုပ်များဖြင့် မျှဝေခဲ့ကြပြီး နေ့လယ်ပိုင်းတွင် ရှမ်းအိုးစည်ဗုံ မောင်းများတီး၍ လှူဖိုင်း(ခေါ်) မီးရှူးလွှတ်တင်ကြသည့် ဒေသခံရှမ်းတိုင်းရင်းသားများတို့၏ ဘိုးဘွားစဉ်ဆက်မိရိုးဖလာ အမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မိုးရာသီ(အကြို) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သာစည် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၄ ခုနှစ် မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက် နံနက် ၈ နာရီက ကူပြင်ကြိုပိုင်း အကွက်အမှတ်(၁၄) ရွှေတောင်ဘိလပ်မြေစက်ရုံ အနီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ပျိုးပင်များကို ဌာနဆိုင်ရာများ၊ ရွှေတောင်ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံတစ်ဦးတို့ထံ ပေးအပ်သည်။ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က မိုးရာသီ(အကြို) သစ်ပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရွှေတောင်ဘိလပ်မြေစက်ရုံမှ ဝန်ထမ်းများ၊ ပြည်ညောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက သစ်ပင်များ စိုက်ပျိုးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၅၀၊ မယ်ဇလီပင် ၁၅၀၊ ခရေပင် ၁၀၀၊ မယ်ဇယ်ပင် ၁၀၀၊ စိန်ပန်းပင် ၁၀၀၊ တပြေဘူတာ ၁၀၀ ပင်၊ တမာပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ စုစုပေါင်း သစ်ပင်မျိုးစုံ အပင် ၁၀၀၀ အား စိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်း-၂ထံမှ သိရသည်။ **(အပေါ်ပုံ)**

(၄၈၇)

## အခြေခံပညာကျောင်းများစတင်ဖွင့်လှစ် ကျောင်းအပ်နှံသူ ၁၈၇၃၁ ဦးရှိ

**မတ္တရာ ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများအားလုံးကို နိုင်ငံတစ်ဝန်း၌ ဇွန် ၃ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ အခြေခံပညာကျောင်းများကိုလည်း ဇွန် ၃ ရက် နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

မတ္တရာမြို့နယ်၌ ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံပြီးသူ အခြေခံပညာကျောင်း၌ ၁၇၃၉၁ ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၁၁၈၇ ဦးနှင့် ကိုယ်ပိုင်ကျောင်းများ၌ ၁၅၅ ဦး၊ စုစုပေါင်း ၁၈၇၃၁ ဦး ရှိသည်။



ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများနှင့် လုံခြုံရေးအဖွဲ့များမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၂)

## ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိ

**ကန့်ဘလူ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် မျိုးသန့်ခြံ၌ ကျေးလက်ဒေသနေတောင်သူလယ်သမားများအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး သီးနှံအထွက်နှုန်းကောင်းမွန်သော မျိုးသန့်မျိုးပွားမျိုးများကို ဖြန့်ဖြူးပေးနိုင်ရန် ဇွန်လဒုတိယပတ်တွင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။

ကန့်ဘလူမျိုးသန့်ခြံ ကွင်းစခန်းအမှတ်(၁)တွင် နေကြာ ၂၅ ဧကနှင့်ပဲစင်းငုံဧက ၁၀၀၊ စုစုပေါင်းမျိုးစေ့ထုတ် ဧက ၁၂၅ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ၎င်းမျိုးများကို ဒေသတောင်သူလယ်သမားများအတွက် မျိုးသန့်မျိုးပွားမျိုးအဆင့်ရရှိအောင် စိုက်ပျိုးပြီးမှ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ကန့်ဘလူမျိုးသန့်ခြံ ဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။

အဆိုပါမျိုးသန့်ခြံမှ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်မှာ ဒေသနှင့် လိုက်လျောညီထွေရှိသည့် အရည်အသွေးကောင်း သီးနှံမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း၊ နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများကျင်းပပြီး တောင်သူများအား နည်းပညာပေးခြင်း၊ ဒေသနှင့်ကိုက်ညီပြီး တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်မည့် သီးနှံပုံစံများ ရှာဖွေဖော်ထုတ်ခြင်းများဆောင်ရွက်ပြီး ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ဒေသရေမြေနှင့် ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးသည့်အခါ အဆင်ပြေစေရန် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ကန့်ဘလူမျိုးသန့်ခြံ၌ စိုက်ပျိုးထုတ်လုပ်မည့် မျိုးများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်ပြီး ၎င်းမျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ ဝင်ငွေတိုးတက်ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)



(၄၈၀)

## မိုးသီးနှံစိုက်ပျိုးရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မောက်မယ် ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ယခုနှစ်မိုးရာသီ သီးနှံများ စိုက်ပျိုးရာ၌ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် သီးနှံအထွက်နှုန်းကောင်းမွန်စေရန်အတွက် လယ်ယာမြေထွန်ယက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

မောက်မယ်မြို့နယ်၌ မိုးသီးနှံများစိုက်ပျိုးရာတွင် ဆန်စပါးကို အဓိကစိုက်ပျိုးကြပြီး တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့များ ထောက်ပံ့ပေးခြင်း၊ သဘာဝဓာတ်မြေဩဇာများဖြန့်ဝေပေးခြင်း၊ အထွက်နှုန်းကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ စိုက်ပျိုးရေးသုံး သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာသုံးတတ်စေရန်နှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန် နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံကွင်းဝန်ထမ်းများက နယ်မြေကွင်းဆင်းပြီး လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကိုလည်း ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း မောက်မယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်ထံမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရွာ၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၄) ဦးမြင့်ဌေး အမည်ဖြင့် မြေချထားမိန့်အရ မြေကွက်အမှတ်(၁၉/၁၄) အတွင်းမှ မြောက်ဘက်အစွန်ဆုံးအပိုင်း (၁၅)ပေနှင့် ပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သည့် ၁။ ဦးအေး(ဘ)ဦးကြွား(၉/မရမ(နိုင်)၀၆၆၈၆၀)၊ ၂။ ဒေါ်အမာ(ဘ)ဦးဖုန်း(၉/မရမ(နိုင်)၀၃၅၁၇၂)ကိုင်ဆောင်သူများက ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညွန့်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၆၉–အေလမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၆၃၆၁၄၀၁၊ ၀၉–၄၄၁၀၂၇၃၀၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၇၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၅၀)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ကြည်ကြည်ဆွေ(ဘ)ဦးသန်းဆွေ(၉/မရတ(နိုင်)၀၅၄၆၈၅)နှင့် ၂။ ဦးနေဇာဆွေ(ဘ)ဦးသန်းဆွေ(၉/မဟမ(နိုင်)၀၀၃၆၁၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္စူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၅)၊ ဦးပိုင်အမှတ်(၄၂)၊ ၁၁၅လမ်းနှင့်၁၁၆လမ်းကြား၊ ၆၉လမ်းနှင့်လမ်း၇၀ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တက သိန်းဇော်၏ (SP ရရှိသူ ဦးတင်ရွှေ)ထံမှ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၁၆၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်မြင့်(၁/မကန(ပြု)၀၀၁၄၂၂)၏ (GP ရရှိသူ ဦးကျန်းအိမ်းချင့်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၉၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၃)၊ ဦးပိုင်အမှတ်(၂၈)၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ၁၃၅လမ်းနှင့်၁၃၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကြည် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၇၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ဖြူဖြူအောင်(၉/အမရ(နိုင်)၀၄၆၃၂၁)၏ (GP ရရှိသူ ဦးထွန်းထွန်းဝင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၉၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဌ-၃)၊ ဦးပိုင်အမှတ်(၃၁)၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ၁၁၆လမ်းနှင့်၁၁၇လမ်းကြားရှိ တက မောင်သိန်းအမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)တက မောင်သိန်း၊ (မိခင်)ဒေါ်တင်လှတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၂၄၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်မြတ်လေးနွယ်(၈/ပခက(နိုင်)၁၄၉၅၀၄)၊ ဒေါ်ချိုမာနွယ်(၈/ပခက(နိုင်)၁၆၂၈၈၄)တို့၏ (GP ရရှိသူ ဒေါ်ချိုချိုဆွေ)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၉၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၂၀-ခ)၊ ၆၅လမ်းနှင့်၆၇လမ်းကြား၊ ၁၁၃လမ်းနှင့်၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းရွှေ၏(SP ရရှိသူ ဦးသူရစန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၁၉၄/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြသက်နိုင်(၉/ပကခ(နိုင်)၀၁၃၄၆၅)က ဦးပိုင်ခွဲမိန့်နှင့်အတူ အမှုတွဲအမှတ်(၁၂၉၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်မိုးမြတ်မွန် | ၉/စကတ(နိုင်)၀၈၃၆၂၇) | အောင်မြေသာစံ | ဒေါနဘွား | ၉ | ၃၂–ခဲစင်း | RC (၃) ထပ် |
| ၂။ | ဦးသိန်းမြင့် | ၉/မနတ(နိုင်)၀၁၆၂၂၀ | အောင်မြေသာစံ | သီရိမာလာအရှေ့ | ၁၈၁ | ၂၆+၂၇–၁+၂၈ | RC (၂) ထပ် |
| ၃။ | ဦးသက်ဇော်ဟိန်း | ၉/မဟမ(နိုင်)၀၂၃၆၄၇ | အောင်မြေသာစံ | ဒေါနဘွား | ၈ | ၁၀၀+၁၀၁ | မြေ+ RC (၈) ထပ် |
| ၄။ | ဒေါ်မေသူနိုင် | ၅/ကသန(နိုင်)၀၁၁၁၄၁ | ချမ်းစံ | ပြည်ကြီးမျက်ရှင် | ၁၄/၈ | ၄၁ | RC (၄) ထပ် |
| ၅။ | ဦးချစ်ထွန်း | ၉/မနတ(နိုင်)၀၁၀၃၀၃ | ချမ်းစံ | သီရိဟေမာအရှေ့ | ၂၄၄ | ၂၀ | RC (၃) ထပ် |
| ၆။ | ဒေါ်နနရီ | ၁၃/ကဟန(နိုင်)၀၀၂၇၅၄ | မဟာအောင်မြေ | မဟာနွယ်စဉ် | ၄၁၃-ဏ အပိုင်း(၂) | ၃၂+၃၃–ခဲစင်း | RC (၄) ထပ် |
| ၇။ | ဒေါ်လှလှဝင်း | ၉/မနတ(နိုင်)၀၉၄၉၆၆ | မဟာအောင်မြေ | သံလျက်မော်အရှေ့ | ၄၂၄ | ၄–င/၇ခဲစင်း | RC (၄) ထပ် |
| ၈။ | ဦးကျော်သူ(ပါ–၂) | ၅/ကလထ(နိုင်)၁၉၄၇၇၈ | မဟာအောင်မြေ | စိန်ပန်း | ၃၄၀ | ၁၃–ဈ | RC (၃) ထပ် |
| ၉။ | ဒေါ်ခင်မြဝင်း | ၉/မနတ(နိုင်)၀၉၄၇၉၇ | မဟာအောင်မြေ | သံလျက်မော်အရှေ့ | ၄၂၄ | ၄–င/၇ခဲစင်း | RC (၄) ထပ် |
| ၁၀။ | ဦးမျိုးမြင့်စိုး | ၉/မရမ(နိုင်)၀၀၄၂၇၉ | မဟာအောင်မြေ | မဟာမြိုင်(၁) | အပိုင်း–၄ | ၈၇–က | RC (၃) ထပ် |
| ၁၁။ | ဦးထွန်းလွင် | ၁/မညန(နိုင်)၀၀၁၉၆၅ | ပြည်ကြီးတံခွန် | ဈ | ပပ–၂၁ | ၅+၆+၂၅+၂၆ | SS (၁) ထပ် |
| ၁၂။ | ဦးတင်မျိုး | ၇/ဝမန(နိုင်)၀၉၅၇၄၂ | ပြည်ကြီးတံခွန် | စ | တတ–၂၀ | ၄–က | RC (၃) ထပ် |
| ၁၃။ | ဦးငွေလွင် | ၈/ပခက(နိုင်)၁၉၂၄၁၆ | ပြည်ကြီးတံခွန် | ဓ | နန–၅၀ | ၃၄ | SS (၂) ထပ် |
| ၁၄။ | ဦးထွန်းထွန်း | ၉/မခန(နိုင်)၁၉၃၉၂၇ | ပြည်ကြီးတံခွန် | ဈ | ပပ–၅၃ | ၄၄ | RC (၂) ထပ် |
| ၁၅။ | ဦးစိုးငွေ | ၉/မခန(နိုင်)၁၇၁၄၂၀ | ချမ်းမြသာစည် | ကံသာယာ | ဆဆ–၂ | ၅၃–က | RC (၃) ထပ် |
| ၁၆။ | ဒေါ်လီလီ | ၉/ခမစ(နိုင်)၀၁၁၁၅၉ | ချမ်းမြသာစည် | မြို့သစ်(၁) | မ–၉ | ၁၂ | SS (၁) ထပ် |
| ၁၇။ | ဒေါ်လှလှငွေ | ၉/မရမ(နိုင်)၀၂၆၆၀၆ | ချမ်းမြသာစည် | တမ္ပဝတီ | ၄၆၇ | ၂–ထ | RC (၄) ထပ် |
| ၁၈။ | ဦးထွဋ်ထွဋ်ဝင်း | ၉/ကဆန(နိုင်)၁၀၄၂၀၆ | ချမ်းမြသာစည် | မြို့သစ်(၂) | ဆ–၄ | ၅၆ | RC (၄) ထပ် |
| ၁၉။ | ဦးသန့်ဇင် | ၉/ပသက(နိုင်)၀၅၂၆၅၉ | ချမ်းမြသာစည် | အောင်ပင်လယ် | စစ–၁၃ | ၂၃ | ခြံစည်းရိုး |
| ၂၀။ | ဦးခင်မောင်ဆန်း | ၁/မကတ(နိုင်)၀၆၀၁၆၀ | ချမ်းမြသာစည် | မြို့သစ်(၁) | မ–၂၃ | ၅–ဃ | SS (၃) ထပ် တိုးချဲ့ |
| ၂၁။ | ဒေါ်တုံဟွန်မေ(ခ)ကြည်ကြည်ဝင်း | ၁၃/ကမန(နိုင်)၀၂၇၄၃၁ | ချမ်းမြသာစည် | ကံသာယာ | စစ–၃ | ၈၈ | ခြံစည်းရိုး |
| ၂၂။ | ဦးမောင်သင်း | ၁၂/ဥကတ(နိုင်)၁၀၁၀၄၈ | ပြည်ကြီးတံခွန် | စ | တတ–၃၁ | ၆၆+၆၇ | ခြံစည်းရိုး |
| ၂၃။ | ဒေါ်ဝင်းဝင်းအေး | ၉/မရတ(နိုင်)၀၀၁၅၇၇ | မဟာအောင်မြေ | ဟေမမာလာမြောက် | ၆၄၈ | ၃၆ | RC (၃) ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဖျက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဖျက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးသိန်းမြင့် | ၉/မနတ(နိုင်)၀၁၆၂၂၀ | အောင်မြေသာစံ | သီရိမာလာအရှေ့ | ၁၈၁ | ၂၆+၂၇–၁+၂၈ | နံကပ်၂ထပ်+နံကပ် ၁ ထပ်ဖျက် |
| ၂။ | ဦးချစ်ထွန်း | ၉/မနတ(နိုင်)၀၁၀၃၀၃ | ချမ်းစံ | သီရိဟေမာအရှေ့ | ၂၄၄ | ၂၀ | အုတ်တိုက်(၁)ထပ်ဖျက် |
| ၃။ | ဒေါ်ဝင်းဝင်းအေး | ၉/မရတ(နိုင်)၀၀၁၅၇၇ | မဟာအောင်မြေ | ဟေမမာလာမြောက် | ၆၄၈ | ၃၆ | ပျဉ်ကာသွပ်မိုး(၂)ထပ်ဖျက် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဇွန် ၃**

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ နည်းပြများ၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက် တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွက် ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် ရည်ရွယ်၍ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပညာရည်ပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးသည့် လုပ်ငန်း၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးကိုလည်း အာရုံစူးစိုက်ပြီး ဟန်ချက်ညီညီ တိုးတက်မှုရရှိစေရေး၊ အားကစားထူးချွန်ပြီး နိုင်ငံ့ဂုဏ်ဆောင်မည့် ဗလငါးတန်နှင့် ပြည့်ဝသည့် ပညာတတ်အားကစားသမားများဖြစ်လာစေရေးအတွက် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် ခေတ်မီ သိပ္ပံနည်းကျသည့် အားကစား ပညာရပ်များကို မျက်ခြည်မပြတ် လေ့လာပြီး လက်တွေ့ ပြန်လည်လေ့ကျင့်သင်ကြားပေးကြရမည့်အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုပါ စေတနာထားကာ သင်ကြားပေးကြရမည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီရေး အားလုံးက တက်ညီလက်ညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အလှူရှင်များမှ လှူဒါန်းသော စုစုပေါင်း အလှူငွေကျပ် သိန်း ၄၃၀ ကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး ကျောင်းအုပ်ကြီးဦးမြင့်နိုင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများကို ရင်းနှီးစွာ နှုတ်ဆက်ပြီး အားကစားနည်းအလိုက် လေ့ကျင့်ရေးအားကစားပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကို ၂၀၀၂ ခုနှစ်၊ ဇွန် ၁ ရက်မှ စတင် ဖွင့်လှစ်ခဲ့ပြီး ၂၂ နှစ်ကာလအတွင်း နိုင်ငံ့လက်ရွေးစင် ၁၁၂၉ ဦးအား မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေဖော်ထုတ်ပြီး လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ယခုဖွင့်လှစ်သည့် သင်တန်း၌ အားကစားနည်း ၁၃ နည်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၇၀ ဦးအား လေ့ကျင့်သင်ကြားပေးသွားဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မန္တလေးမြို့တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူလျက်ရှိ

**မန္တလေး ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းအပ်နှံသည့် စာရင်းများအရ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၂၄၀၅၉ ဦး ရှိကြောင်း သိရသည်။

ကျောင်းတက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီးမှ အတန်းစဉ်အလိုက် စည်းကမ်းတကျ သွားရောက်နိုင်ရေး စီမံပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်က "ကျောင်းမှာ အဆင်ပြေချောမွေ့စွာ ကလေးတွေ ပညာသင်ကြားနိုင်ဖို့အတွက် ကျောင်းမဖွင့်ခင်ကတည်းက သန့်ရှင်းရေးဆောင်ရွက်တယ်။ စာသင်ခန်း၊ စာသင်ခုံတွေ ပြင်ဆင်ထားတဲ့အပြင် ကျောင်းဥပဓိရုပ်ကောင်းမွန်ဖို့အတွက်လည်း စီမံဆောင်ရွက်ထားပါတယ်။ ကလေးမိဘတွေအနေနဲ့ မိမိတို့ သား၊ သမီးပညာရေးကို အလေးထားပြီး ကျောင်းအပ်နှံကြဖို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

တိုင်းဒေသကြီးတွင် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း ကျောင်းအပ်လက်ခံထားရှိသည့် စာရင်းများအရ အခြေခံပညာကျောင်းများတွင် ၇၆၄၈၈၀ဦး၊ ကိုယ်ပိုင်ကျောင်းတွင် ၇၃၈၆၂ဦးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၈၅၃၁၇ဦး၊ စုစုပေါင်း ၉၂၄၀၅၉ဦးရှိပြီး ကျောင်းအပ်လက်ခံမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၃ရက်မှ ဇွန် ၂ရက်အထိ ဆောင်ရွက်ခဲ့သည့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်၌ ကျောင်းအပ်လက်ခံခဲ့ရာ မည်သည့်အခကြေးငွေမှ ကောက်ခံခဲ့ခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အခမဲ့ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

"ဒီနှစ်မှာ ကျွန်တော်တို့ကျောင်းအနေနဲ့လည်း ကျောင်းသား၊ကျောင်းသူ ၃၀၀၀ကျော် လက်ခံပြီးဖြစ်ပါတယ်။ ဇွန်လတစ်လလုံးလည်း ကျောင်းအပ်လက်ခံသွားမှာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ကြတဲ့ ကလေးတွေဆိုရင်လည်း ဒီနှစ်မှာ ကျောင်းပြန်တက်ကြတဲ့အတွက် ဝမ်းသာမိပါတယ်"ဟု အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၉၅၀ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၃၀၆ ကျောင်းဖွင့်လှစ်ထားရှိကြောင်းလည်း သိရသည်။

(၀၃၄)

၀-၀-၀-၀-၀

